# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၈၀)၊ ၁၃၈၈ ခုနှစ် ၊ နယုန်လပြည့်ကျော် ၇ ရက် ၊ ၆-၆-၂၀၂၆၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့

ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်။

နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုသည် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းရပ်ဖြစ်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် တည်ထောင်မှု (၂၉)နှစ်မြောက် အထိမ်းအမှတ်နေ့အတွက် ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၆ ခုနှစ်၊ ဇွန်လ ၆ ရက်)

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(ဘင်းမ်စတက်)၏ (၂၉)နှစ်မြောက် နှစ်ပတ်လည်နေ့မင်္ဂလာအခါသမယတွင် မိမိအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စား ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံ အစိုးရများ၊ ပြည်သူများနှင့်ဘင်းမ်စတက်အတွင်းရေးမှူးရုံးတို့ကို နွေးထွေးစွာ နှုတ်ခွန်းဆက်သလျက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

စာမျက်နှာ ၃ သို့ ☆

## ယခုနှစ်ကုန်ပိုင်းတွင် အားကောင်းသော အယ်လ်နီညို အခြေအနေသို့ ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၅

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ် သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အယ်လ်နီညို ဖြစ်ပေါ်နိုင်သော အခြေအနေများကို တွေ့ရှိရသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြု မော်ဒယ်များ ခန့်မှန်းချက်အရ အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနေပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**အစွန်းရောက်**
**မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်**

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှုမမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

မိုး/ဇလ

## ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာတစ်ခုဖြစ်ပြီး နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ရင်ဆိုင်ဖြေရှင်းနိုင်မည်

နေပြည်တော် ဇွန် ၅

၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်း သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့ ✳




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၅

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**လာမည့်စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ** နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

၂၀၂၆ ခုနှစ်၊ ဇွန် ၆ ရက်၊ စနေနေ့။
မန္တလေး

# နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိ

(၂၉)ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (29 th St. Petersburg International Economic Forum- SPIEF 2026) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ EXPOFORUM Convention and Exhibition Centre ၌ကျင်းပရာ ဒုတိယသမ္မတ ဦးညိုစောတက်ရောက်ဆွေးနွေးပြောကြားသည်။ ဒုတိယသမ္မတ ဦးညိုစောက ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသောအလားအလာများရှိသကဲ့သို့ အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် တောင်အာရှတို့၏ ဆုံချက်တွင် တည်ရှိသဖြင့် မဟာဗျူဟာမြောက် ထူးခြားသောပထဝီဝင်အနေအထားကို ပိုင်ဆိုင်ထားပါကြောင်း၊ ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာတို့အကြား တည်ရှိသော မြန်မာနိုင်ငံသည် ဒေသတွင်းဈေးကွက်များကို ချိတ်ဆက်ပေးပြီး ကုန်သွယ်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် စီးပွားရေးပေါင်းစည်းမှုတို့ကို လွယ်ကူချောမွေ့စေသည့် သဘာဝကုန်းတွင်းတံတား (Natural Land Bridge)တစ်ခုအဖြစ် တည်ရှိနေကြောင်း၊ ယခုကဲ့သို့ အားသာချက်များကို အမိအရအသုံးချနိုင်ရန်အတွက် မြန်မာနိုင်ငံအစိုးရသည် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် စီးပွားရေးလုပ်ကိုင်ရမှု ပတ်ဝန်းကျင်တိုးတက်ကောင်းမွန်စေရေးတို့ကို ဦးတည်သည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံသည် ကုန်ထုတ်စွမ်းအားမြင့်တင်ရန်၊ ရိက္ခာလုံခြုံမှုအားကောင်းစေရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများကို ခေတ်မီအောင် ပြုပြင်ပြောင်းလဲလျက်ရှိသည့်အတွက် ကဏ္ဍများတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုရရှိရန် ကြိုဆိုလျက်ရှိကြောင်း၊ အထူးသဖြင့် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဒီဂျစ်တယ်အခြေခံအဆောက်အအုံ၊ ထောက်ပံ့ပို့ဆောင်ရေး (Logistics)၊ ပို့ကုန်ဦးတည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ နည်းပညာနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ကာဂျစ်သမ္မတနိုင်ငံအစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အတွင်းရေးမှူးရုံး အမှုဆောင်ညွှန်ကြားရေးမှူးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့က ဆွေးနွေးပြောကြားကြသည်။ ဒုတိယသမ္မတဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အီးအေအီးယူ-အာဆီယံ (EAEU-ASEAN) စီးပွားရေးဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။ ဒုတိယသမ္မတသည် လီနင်ဂရက်ဒေသအုပ်ချုပ်ရေးမှူး Mr. Alexander Drozdenko နှင့် ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maksim Reshetnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အား စင်တာ၌ သီးခြားစီလက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် လီနင်ဂရက်ဒေသအကြား ပြည်နယ်၊ ဒေသအစိုးရအချင်းချင်း ဆက်ဆံရေးသာမက ပြည်သူအချင်းချင်းထိတွေ့ဆက်သွယ်မှုများအထိ မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေး၊ ဗီဇာကင်းလွတ်ခွင့်စာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းကြောင့် ခရီးသွားကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များ၊ မြန်မာ-ရုရှားအစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အနေဖြင့် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံအကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ လုပ်ငန်းစဉ်များအလိုက် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ဆက်လက်တိုးမြှင့် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ စက်မှုကဏ္ဍ၊ ဓာတ်သတ္တုကဏ္ဍ၊ အလုပ်သမားရေးရာကဏ္ဍနှင့် စွမ်းအင်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်းရေးသားလိုက်ရပေသည်။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးဇော်လင်း | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ခ) ဒေါက်တာ ခင်သီတာ | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်း ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မတ္တရာ ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သီဟစိုးနှင့် ဝန်ထမ်းများက ရက်(၁၀၀) လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက် ၉ နာရီက ကန်ဖြူကျေးရွာ အ.လ.က(ခွဲ)တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ လမင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးလွင်၊ ခရိုင်ဦးစီးမှူး ဦးမောင်မောင်အေး၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ပြီး အသက်(၁၀)နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူ ၈၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို နေ့ချင်းပြီး ထုတ်ပေးခဲ့ပြီး လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။


(၄၆၂)

၀-၀-၀-၀-၀

# မြတောင်ကျောင်းတိုက် ရာပြည့်ဓမ္မာရုံ၌ အစိုးရနိကာယ်စာမေးပွဲ ကျင်းပ

**မန္တလေး ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မြတောင်ကျောင်းတိုက်အတွင်း ရာပြည့်ဓမ္မာရုံတွင် (၃၂)ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲအား မြတောင်ကျောင်းတိုက် သာယာဝင်းကျောင်းမှ ဩဝါဒဆရာတော် ဘဒ္ဒန္တသာဂရာဘိဝံသနှင့်ကြီးကြပ်ရေးဆရာတော် ၁၅ ပါးတို့က ဦးဆောင်၍ ယနေ့မွန်းလွဲပိုင်းက ကျင်းပပြုလုပ်ခဲ့ရာ အုပ်စု(၁) ပါရာဇိကဏ်ကျမ်းစာ ဖြေဆိုသံဃာ ၁၈၇ ပါး၊ အုပ်စု(၂) သီလက္ခန်ကျမ်းစာ ဖြေဆိုသံဃာ ၂၂ ပါး၊ အုပ်စု(၃)မူလပဏ္ဏာသကျမ်းစာဖြေဆိုသံဃာ တစ်ပါး၊ အုပ်စု(၅) ဧကကာဒိကျမ်းစာ ဖြေဆိုသံဃာ ၅၆ ပါး၊ အုပ်စု(၈) ဓမ္မသင်္ဂဏီကျမ်းစာဖြေဆိုသံဃာ ရှစ်ပါး၊ အုပ်စု(၁/မဟာဝိဒူတန်း) ပါရာဇိကကျမ်းစာ ဖြေဆိုသံဃာ ငါးပါး၊ စုစုပေါင်းဖြေဆိုသံဃာ ၂၇၉ ပါး၊ ဖြေဆို သံဃာ ၂၄၃ ပါး၊ ပျက်ကွက် ၁၃၆ ပါးရှိကြောင်း သိရသည်။



အဆိုပါ အစိုးရ နိကာယ်စာမေးပွဲဖြေဆို သံဃာများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစည်သူကျော်နှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အချိုရည်၊ ရေသန့်ဘူးများ ဆက်ကပ်လှူဒါန်းခဲ့ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးကာ အစိုးရနိကာယ်စာမေးပွဲကို ဇွန် ၅ ရက်မှ ဇွန် ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ဓဲပုံ)

**အောင်ဇော်မင်း**

၀-၀-၀-၀-၀

# ရွှေမန်းတောင်အားကစားကွင်းတွင် ချစ်ကြည်ရေးဖိတ်ခေါ်ဘောလုံးပွဲ ကျင်းပ

**မန္တလေး ဇွန် ၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ် ရွှေမန်းတောင်ဘောလုံးအားကစားကွင်းတွင် ချစ်ကြည်ရေး ဖိတ်ခေါ်ဘောလုံးပွဲအဖြစ် Mahar Net ဘောလုံးအသင်းနှင့် မန္တလေးဘောလုံးသမားဟောင်းများအသင်းတို့ ယနေ့ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြိုင်ပွဲသို့နှစ်ဖက်အသင်းမှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြသည်။ (ယာပုံ)

အဆိုပါ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲတွင် Maha Net အသင်းနှင့် မန္တလေးဘောလုံးသမားဟောင်းများအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲအပြီး နှစ်သင်းစလုံး တစ်ဖက်နှင့်တစ်ဖက် သုံးဂိုးစီဖြင့် သရေပွဲဖြစ်သွားကြောင်း သိရသည်။

(၀၄၀)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

ဗန်ကောက်ကြေညာစာတမ်းမှတစ်ဆင့် ပေါ်ပေါက်လာသည့် ဘင်းမ်စတက်အဖွဲ့ကြီးသည် တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှုနှင့် မိတ်ဖက်စိတ်ဓာတ်ဟူသော အခြေခံမူများကို လိုက်နာလျက် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်မြှင့်တင်ရန်အတွက် အရေးပါသော ပလက်ဖောင်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။

နှစ်ဆယ့်ကိုးနှစ်တာကာလအတွင်း ဘင်းမ်စတက်အဖွဲ့သည် ၎င်း၏ အဖွဲ့အစည်းဆိုင်ရာမူဘောင်များကို ခိုင်မာစေရန်နှင့် ဦးစားပေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့နိုင်ရန်အတွက် မြဲမြံစွာ ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤသို့စုပေါင်းအားထုတ်မှုများသည် အဖွဲ့အစည်း၏ ထိရောက်မှုကို မြှင့်တင်ပေးရုံသာမက ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအတွက် အနှစ်သာရရှိသော ၎င်း၏ အခန်းကဏ္ဍကိုလည်း ပိုမိုခိုင်မာစေခဲ့ပါသည်။

လာမည့်နှစ်တွင် ဘင်းမ်စတက်အဖွဲ့တည်ထောင်မှု နှစ်(၃၀) ပြည့်မြောက်မည်ဖြစ်ရာ မိမိတို့အနေဖြင့် ရရှိခဲ့သည့်အောင်မြင်မှုများကို ပြန်လည်သုံးသပ်၍ ပိုမိုမြင့်မားသော ရည်မှန်းချက် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်သွားရမည်ဖြစ်ပါသည်။ ဘင်းမ်စတက်အဖွဲ့ကို မိမိတို့၏ ပြည်သူများအတွက် လက်တွေ့ကျသော အကျိုးကျေးဇူးများကို ဖော်ဆောင်ပေးနိုင်သည့် ပိုမိုထိရောက်သော၊ ရလဒ်ကိုအခြေခံသော၊ တုံ့ပြန်မှုအားကောင်းသော ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုအဖြစ် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့ အတူတကွ လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

ဘင်းမ်စတက်အထိမ်းအမှတ်နေ့သည် မိမိတို့ဒေသအတွင်းရှိ ကြီးမားသော အလားအလာများနှင့် ထိုအလားအလာများကို အသုံးချရာတွင် ညီညွတ်မှု၏ အရေးပါပုံကို သတိပြုမိစေရန် နှိုးဆော်ပေးသည့် အချိန်အခါသမယပင်ဖြစ်ပါသည်။ မိမိတို့အားလုံးစုပေါင်း၍ လက်ရှိမျိုးဆက်နှင့် နောင်မျိုးဆက်သစ်များအတွက် ပိုမိုကြံ့ကြံ့ခံနိုင်ပြီး တက်ကြွကာ ပြည်သူကိုဗဟိုပြုသော ဘင်းမ်စတက်အသိုက်အဝန်းတစ်ခုကို တည်ဆောက်သွားကြရန် တိုက်တွန်းအပ်ပါသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော ကျေးရွာဆုရရှိသည့် ရှမ်းပြည်နယ် ကလောမြို့နယ် ဘော်နင်းရွာသစ်ကျေးရွာအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော စက်ရုံ/ လုပ်ငန်းဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ Shwe Wah Nadi Agriculture Co.Ltd ၏ ဆန်စပါးကြိတ်ခွဲသန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

✻ ရှေ့ဖုံးမှ

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆုရရှိကြသူများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ယနေ့သည် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ဖြစ်သည်နှင့်အညီ ယခုနှစ် ၂၀၂၆ ခုနှစ်အတွက် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများကိုယ်စား အိမ်ရှင်နိုင်ငံအဖြစ် အဇာဘိုင်ဂျန်နိုင်ငံက တာဝန်ယူပြီး မြို့တော်ဘာကူမြို့၌ အခမ်းအနားကျင်းပ ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအသီးသီးတွင်လည်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလျက်ရှိကြကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အထိမ်းအမှတ်အခမ်းအနားများကို တစ်ပြိုင်တည်း ကျင်းပလျက်ရှိကြောင်း။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် တစ်ကမ္ဘာလုံးက သတိထားပြီး အလေးထားကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းထားသည့် ဆောင်ပုဒ်အနေဖြင့် **"ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ (A Global Call for Climate Action)"**ဖြစ်ကြောင်း၊ ရည်ရွယ်ချက်အနေဖြင့် ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲဆိုးကျိုးများနှင့်သဘာဝဘေးအန္တရာယ်များကို မိမိတို့လူသားများက ပြန်လည်တုံ့ပြန်နိုင်ရန် အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များကို အလျင်အမြန်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် လိုအပ်နေပြီဖြစ်သည့်အကြောင်း သတိပေးတိုက်တွန်း လှုံ့ဆော်ပေးနေခြင်းဖြစ်ကြောင်း။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသားအဆင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း(အထက်တန်းနှင့် အလယ်တန်းအဆင့်) ဒုတိယရရှိသည့်ကျောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

ကမ္ဘာပေါ်တွင် စက်မှုစတင်ထွန်းကားလာသည့် ကာလမတိုင်မီနှစ်များစွာက သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့အကြား ဆက်နွယ်မှုသည် ဟန်ချက်ညီညီမျှမျှတတရှိခဲ့ကြောင်း၊ သို့သော်လည်း စက်မှုလုပ်ငန်းများ တိုးတက်လာပြီး ရုပ်ကြွင်းလောင်စာ အခြေခံစွမ်းအင်အသုံးပြုမှု တိုးမြှင့်လာခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် မီသိန်းတို့ကဲ့သို့ လေထုအပူချိန် ပိုမိုမြင့်မားစေနိုင်သည့် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှု ပိုမိုမြင့်မားလာကြောင်း၊ ထို့ကြောင့်လည်း စက်မှုစတင်ထွန်းကားလာသည့် ကာလကရှိခဲ့သည့် ပျမ်းမျှအပူချိန်ကို ကျော်လွန်လာနေပြီဆိုသည်ကို ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (IPCC)နှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO)တို့၏ လေ့လာမှုများအရ သိရှိရကြောင်း၊ ၂၀၂၄ ခုနှစ်သည် ကမ္ဘာမြေ၏ စံချိန်တင်အပူဆုံးနှစ်ဖြစ်ခဲ့ပြီး ၂၀၂၅ ခုနှစ်၏ အပူချိန်သည် ၁၈၅၀ ပြည့်နှစ်မှ ၁၉၀၀ ပြည့်နှစ်အတွင်းရှိ ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၄၃ ဒီဂရီဆဲလ်ဆီးယပ်စ်ခန့် ပိုမိုပူပြင်းခဲ့ကြောင်း၊ ယင်းအချက်အလက်များသည် ကမ္ဘာ့အပူချိန် နှစ်စဉ်မြင့်တက်နေသည့်အကြောင်း ဖော်ညွှန်းနေပြီး ယင်းအခြေအနေကို မထိန်းချုပ်နိုင်ပါက ယခုရာစုနှစ်အကုန်တွင် ကမ္ဘာ့အပူချိန်သည် စက်မှုစတင်ထွန်းကားလာသည့် ကာလမတိုင်မီအပူချိန်ထက် ၂ ဒသမ ၁ မှ ၃ ဒသမ ၅ ဒီဂရီဆဲလ်ဆီးယပ်စ်ခန့် ပိုမိုပူပြင်းလာနိုင်ကြောင်းကို ခန့်မှန်းထားကြကြောင်း၊ အပူရှိန် မြင့်တက်လာမှုနှင့်အတူ နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များသည်လည်း ပိုမိုဆိုးရွားပြင်းထန်လာမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများသည် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရပြီး သိသာထင်ရှားသည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်း၊ နိုင်ငံတကာ ရာသီဥတုစောင့်ကြည့်လေ့လာမှုအဖွဲ့အချို့၏ ၂၀၂၆ ခုနှစ် ရာသီဥတုဘေး ဖြစ်နိုင်ခြေညွှန်ကိန်းအရ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်မှုအများဆုံး ခံစားနေရသည့် ကမ္ဘာ့(၁၀)နိုင်ငံထဲတွင် ပါဝင်နေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ နံပါတ်(၁) အပူချိန်၊ နံပါတ်(၂) လေဒဏ်၊ မိုးဒဏ်၊ မုန်တိုင်းဒဏ် ခံစားရနိုင်ခြေများလိမ့်မည်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသသည် ကမ္ဘာ့အပူချိန် အမြင့်မားဆုံးစာရင်းဝင်နေသည့် ဒေသဖြစ်ကြောင်း၊** ၂၀၂၅ ခုနှစ်က ချောက်မြို့သည် ၄၅ ဒသမ ၃ ဒီဂရီဆဲလ်ဆီးယပ်စ်၊ ယခုနှစ်တွင် ၄၄ ဒသမ ၉ ဒီဂရီဆဲလ်ဆီးယပ်စ်ရှိကြောင်း၊ အလားတူ မြေလတ်ဒေသမြို့ကြီး ၁၂ မြို့သည် ၄၁ ဒီဂရီဆဲလ်ဆီးယပ်စ်နှင့် အထက်ရှိကြောင်း၊ **ကမ္ဘာကြီး ပူနွေးလာမှုကြောင့်ဟု ဆိုနိုင်ကြသော်လည်း ယင်းဒေသတွင် သစ်တောသစ်ပင် ကျဲပါးမှုရှိနေသည်မှာ အမှန်ပင်ဖြစ်ကြောင်း၊** လေ့လာချက်များအရ ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း

စာမျက်နှာ ၄ သို့ ✻

☆ မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသသည် ကမ္ဘာ့အပူချိန် အမြင့်မားဆုံးစာရင်းဝင်နေသည့် ဒေသဖြစ်

☆ ကမ္ဘာကြီးပူနွေးလာမှုကြောင့်ဟုဆိုနိုင်ကြသော်လည်း ယင်းဒေသတွင် သစ်တောသစ်ပင် ကျဲပါးမှုရှိနေသည်မှာအမှန်ပင်ဖြစ်

☆ လေ့လာချက်များအရ ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ သစ်ပင်မျိုးစုံ ၂၆၉ သန်း ၈ သိန်း ကျော်စိုက်ခဲ့သည်ကို တွေ့ရှိရ

* စာမျက်နှာ ၃ မှ

မြန်မာနိုင်ငံ၌ သစ်ပင်မျိုးစုံ ၂၆၉ သန်း ၈ သိန်းကျော်စိုက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အကြမ်းဖျင်းအားဖြင့် ဧကတစ်သန်းခန့်နှင့်ညီမျှကြောင်း၊ လူတို့၏လိုအပ်ချက်အရ အကြောင်းအမျိုးမျိုးဖြင့် သစ်အသုံးချမှုရှိသော်လည်း စိုက်ပျိုးသည့်သစ်ပင်များ တစ်ပင်စိုက်တစ်ပင်ရှင်စိုက်ခဲ့ပါက သစ်တောသစ်ပင် ဆုံးရှုံးမှုကို အပြည့်အဝ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်ရာသီဥတုပြောင်းလဲမှု လျော့ချရေးကို နိုင်ငံတော်အနေဖြင့် ကဏ္ဍအသီးသီးတွင် စနစ်တကျ အစီအမံနှင့် အထူးအလေးထား ပေါင်းစပ်ဆောင်ရွက်ကြရန် အထူးပင် လိုအပ်နေပြီဖြစ်သည်ကို သတိပေးမှာကြားလိုကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေသည့် အဓိကအကြောင်းရင်းမှာ စွမ်းအင်နှင့် စက်မှုလုပ်ငန်းများ ထွန်းကားလာခြင်း၊ ရုပ်ကြွင်းလောင်စာ အသုံးပြုမှုများလာခြင်း၊ သစ်တောများပြုန်းတီးခြင်းနှင့် မြေအသုံးချမှုပြောင်းလဲခြင်း၊ လူဦးရေတိုးပွားလာခြင်းနှင့်အတူ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လာခြင်း၊ ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာခြင်းနှင့် စွန့်ပစ်ပစ္စည်းများ များပြားစွာ စုပုံလာခြင်း စသည်တို့၏ အကျိုးဆက်အနေဖြင့် လေထုထဲသို့ မှန်လုံအိမ်ဓာတ်ငွေ့ပမာဏ အမြောက်အမြား ပိုမို ထုတ်လွှတ်လာခြင်းကြောင့် ဖြစ်ကြောင်း။

မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများကို လျှော့ချနိုင်ရန်၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုနိုင်ရန်နှင့် စွမ်းအင်ကို အကျိုးရှိ ထိရောက်စွာ အသုံးပြုရန်လိုသကဲ့သို့ သစ်တောပြန်လည်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်း၊ ရာသီဥတုနှင့် သဟဇာတဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် လိုအပ်ကြောင်း၊ ထို့ပြင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ကမ္ဘာကြီးပူနွေးမှု အလားအလာမြင့်မားသည့် အအေးပေးဒြပ်ပစ္စည်း အသုံးပြုမှု လျှော့ချခြင်းနှင့် ပိတ်ပင်တားမြစ်ခြင်းတို့ကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုဖြစ်ပြီး နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ ယင်းအတွက် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း (UNFCCC)နှင့် ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ စာချုပ်များဖြစ်သည့် ကျိုတိုနောက်ဆက်တွဲစာချုပ်နှင့် ပါရီသဘောတူညီချက်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၅ ခုနှစ် နိုဝင်ဘာလက ဘရာဇီးနိုင်ငံ ဘဲလမ်မြို့၌ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဘောင် ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများ၏ အကြိမ်(၃၀) မြောက် ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ကြောင်း၊ ယင်းအစည်းအဝေးကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတက်ရောက်ခဲ့ပြီး နိုင်ငံ့ခေါင်းဆောင်များ၏ မျက်နှာစုံညီ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် မြန်မာနိုင်ငံကိုယ်စားပြု အမှာစကားပြောကြားဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ယင်းသည် မြန်မာနိုင်ငံအနေဖြင့် မျိုးဆက်သစ်များအတွက် ရေရှည်တည်တံ့နိုင်မြဲပြီး အားလုံးပါဝင်သည့် ရာသီဥတုဒဏ်ခံနိုင်သည့် အနာဂတ်တစ်ခုကိုရရှိအောင် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်း ဆောင်ရွက်မှုကို ဖော်ညွှန်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ပါရီသဘောတူညီချက်ပါကတိကဝတ်အရ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်းအတွင်းရေးမှူးရုံးကို တင်သွင်းထားသည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတိုင်း မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေး ရည်မှန်းချက်များ ပြည့်မီရေး အတတ်နိုင်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းလုပ်ငန်းအစီအစဉ်ပါ ဦးစားပေးနယ်ပယ်များဖြစ်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးတိုးတက်လာစေရေး၊ သစ်တောသစ်ပင်များ စိုက်ပျိုးထိန်းသိမ်းရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးရေးစနစ်များ ဖော်ထုတ်ရေး၊ စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်သည့် မြို့ပြနှင့်စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေး၊ ထင်းအစားထိုးစွမ်းအားမြင့် မီးဖိုဖြန့်ဝေရေး၊ နေစွမ်းအင်ကိုအခြေခံသည့် ကျေးလက်မီးလင်းရေး၊ ကာဗွန်ထုတ်လွှတ်မှုမရှိသည့် လျှပ်စစ်သုံးယာဉ် တိုးမြှင့်ထုတ်လုပ်အသုံးပြုရေး စသည်တို့ကို အလေးထား ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကဏ္ဍအသီးသီးတွင် ကာဗွန်ထုတ်လွှတ်မှုလျှော့နည်းပြီး ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုသည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး သက်ဆိုင်ရာကဏ္ဍအလိုက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း (မူလတန်းအဆင့်) ပထမဆုရရှိသည့် ကျောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေး၊ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှု လျော့နည်းစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ လုပ်ငန်းစဉ်များကို ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များက ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းပြီး အရှိန်အဟုန်မြှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် ချမှတ်ထားသည့် “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့” ဟူသည့် ဦးတည်ချက်နှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် သစ်တောသစ်ပင် စိုက်ပျိုးထိန်းသိမ်းခြင်းသည် အလွန်အရေးကြီးကြောင်းကိုပြောလိုကြောင်း၊ ထို့ကြောင့် သစ်တောပြုန်းတီးမှု လျော့ကျစေရေးနှင့် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံ့ဧရိယာ၏ ၅၀ ရာခိုင်နှုန်း ပြည့်မီစေရေးအတွက် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို နိုင်ငံ့ဧရိယာ၏ ၂၆ ဒသမ ၁၁ ရာခိုင်နှုန်းနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရန်အတွက် သဘာဝနယ်မြေ ၆၂ ခု၊ နိုင်ငံ့ဧရိယာ၏ ၆ ဒသမ ၅၉ ရာခိုင်နှုန်းထိ တိုးမြှင့်တည်ထောင်ဖွဲ့စည်းနိုင်ခဲ့ကြောင်း။

ဖွဲ့စည်း တည်ထောင်ပြီးဖြစ်သည့် သစ်တောနယ်မြေ၊ သစ်တောနယ်မြေပြင်ပနေရာများနှင့် ကုန်းတွင်းဒေသများတွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကာကွယ်နိုင်ရေး၊ ရေကြီးရေလျှံမှု၊ မြေတိုက်စားမှုများမှ ကာကွယ်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် သစ်တောများ ပြန်လည်တည်ထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ နိုင်ငံပိုင်စိုက်ခင်း၊ စီးပွားရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်း စသည့် စိုက်ခင်းဧကပေါင်း ၁၆၀၀၀၀ ကျော်၊ အပင်ပေါင်း ၁၂၂ သန်းကျော်ကို စိုက်ပျိုးခဲ့ပါကြောင်း။ ယခုနှစ် ၂၀၂၆ ခုနှစ်မှာလည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ အပါအဝင် ဧကပေါင်း ၃၀၀၀၀ ၌ အပင်ပေါင်း ၂၀ သန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပူပိုင်းဒေသ ၁၃ ခရိုင်၊ မီးရထားလမ်းများ၊ အာဆီယံလမ်းမကြီးနှင့် ကားလမ်း ဘေးဝဲ/ယာများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ အင်းလေးကန် တစ်ဝိုက် ဧရိယာများတွင် ဆက်စပ်ဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းစိုက်ပျိုးနေကြောင်း၊အလားတူ ကမ်းရိုးတန်းဒေသများတွင် ၂၀၂၅ ခုနှစ်က ဒီရေတောစိုက်ခင်း ၁၇၁၅ ဧက၊ အပင်ပေါင်း နှစ်သန်းကျော်ကို စိုက်ပျိုးခဲ့ပြီး ၂၀၃၀ ပြည့်နှစ်အထိ ရေရှည်စီမံချက်များရေးဆွဲကာ နှစ်စဉ် ဒီရေတောစိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ *

☆ လူတို့၏လိုအပ်ချက်အရ အကြောင်းအမျိုးမျိုးဖြင့် သစ်အသုံးချမှုရှိသော်လည်း စိုက်ပျိုးသည့်သစ်ပင်များ တစ်ပင်စိုက်တစ်ပင်ရှင်စိုက်ခဲ့ပါက သစ်တောသစ်ပင် ဆုံးရှုံးမှုကို အပြည့်အဝ ကာကွယ်ပေးနိုင်မည်

☆ ကဏ္ဍအသီးသီးတွင်ကာဗွန်ထုတ်လွှတ်မှုလျော့နည်းပြီး ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုသည့် အစိမ်းရောင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး သက်ဆိုင်ရာကဏ္ဍအလိုက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန်တိုက်တွန်းလို

☆ ကြုံတွေ့နေရသည့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေး၊ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှု လျော့နည်းစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ လုပ်ငန်းစဉ်များကို ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များက ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းပြီး အရှိန်အဟုန်မြှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပဲမျိုးစုံသီးနှံသုတေသနဌာနစုမှ သုတေသနပြုထုတ်လုပ်ထားသည့် သီးနှံမျိုးစေ့များအား ကြည့်ရှုစစ်ဆေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပဲမျိုးစုံသီးနှံသုတေသနဌာနစုမှ သုတေသနပြုထုတ်လုပ်ထားသည့် သီးနှံမျိုးစေ့များကို ကြည့်ရှုစစ်ဆေးစဉ်။

★ မိမိတို့နိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ဈေးကွက်ဝင် အရည်အသွေးရှိသည့် ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲလွမ်း၊ ပဲပုပ်တို့ အပါအဝင် ပဲအမျိုးမျိုးကို တင်ပို့ရောင်းချရလျက်ရှိ

★ ဈေးကွက်ရရှိမှု ပိုမိုခိုင်မြဲစေရေးအတွက် ပဲများ၏ အရည်အသွေးထိန်းသိမ်းခြင်း၊ ပိုမိုကောင်းမွန်လာအောင် စဉ်ဆက်မပြတ် သုတေသနပြုထုတ်လုပ်ခြင်းများကို ဆောင်ရွက်သွားကြရန်လို

★ ပဲမျိုးစုံသီးနှံများသည် ပြည်တွင်းစားသုံးခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းတို့ဖြင့် ဝင်ငွေရရှိပြီး စီးပွားရေးအရ အရေးပါသည့် သီးနှံများဖြစ်သည့်အတွက် ဒေသနှင့်သင့်တော်ကိုက်ညီသည့်အထွက်ကောင်းမျိုး၊ ရောဂါဒဏ်ခံနိုင်သောမျိုး၊ ဈေးကွက်ရရှိသည့်မျိုးများကို စဉ်ဆက်မပြတ် သုတေသနပြုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လို

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပဲမျိုးစုံသီးနှံသုတေသနဌာနစုမှ သုတေသနပြုထုတ်လုပ်ထားသည့် သီးနှံမျိုးစေ့များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပဲမျိုးစုံသီးနှံသုတေသနဌာနစုမှ သုတေသနပြုထုတ်လုပ်ထားသည့် ပဲမျိုးများ၊ နေကြာမျိုးများနှင့် သီးနှံမျိုးများကို မျိုးစေ့များအလိုက် သုတေသနပြု ထုတ်လုပ်လျက်ရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ဈေးကွက်ဝင် အရည်အသွေးရှိသည့် ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲလွမ်း၊ ပဲပုပ်တို့ အပါအဝင် ပဲအမျိုးမျိုးကို တင်ပို့ရောင်းချရလျက်ရှိကြောင်း၊ ဈေးကွက်ရရှိမှု ပိုမိုခိုင်မြဲစေရေးအတွက် ပဲများ၏ အရည်အသွေးထိန်းသိမ်းခြင်း၊ ပိုမိုကောင်းမွန်လာအောင် စဉ်ဆက်မပြတ် သုတေသနပြု ထုတ်လုပ်ခြင်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပဲမျိုးစုံသီးနှံများသည် ပြည်တွင်းစားသုံးခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းတို့ဖြင့် ဝင်ငွေရရှိပြီး စီးပွားရေးအရ အရေးပါသည့် သီးနှံများဖြစ်သည့်အတွက် ဒေသနှင့် သင့်တော်ကိုက်ညီသည့်အထွက်ကောင်းမျိုး၊ ရောဂါဒဏ်ခံနိုင်သောမျိုး၊ ဈေးကွက်ရရှိသည့်မျိုးများကို စဉ်ဆက်မပြတ် သုတေသနပြု ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း။

လက်ရှိ ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိသော ပဲမျိုးစုံတို့အနေဖြင့် အရည်အသွေးအားဖြင့် ကောင်းမွန်မှုရှိသော်လည်း အခြားနိုင်ငံများမှ ပဲများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက လိုအပ်ချက်ရှိနေသည်ဟု သိရှိရကြောင်း၊ ပဲမျိုးများကို သုတေသနပြု ထုတ်လုပ်ရာတွင် အရွယ်အစား၊ အရောင်အဆင်း၊ အရသာ စသည့် သုံးမျိုးစလုံး ကောင်းမွန်နေရန်လိုကြောင်း၊ ဒေသအလိုက် ရေမြေသဘာဝတူညီမှုရှိမည် မဟုတ်သဖြင့် အရွယ်အစား၊ အရောင်အဆင်း၊ အရသာများလည်း ကွဲပြားခြားနားမှုရှိနိုင်မည် ဖြစ်သောကြောင့် ဒေသအလိုက် ကိုက်ညီသည့် သီးနှံမျိုးစေ့များကို စနစ်တကျဖြင့် သုတေသနပြု ထုတ်လုပ်သွားရန် လိုကြောင်း၊ နေကြာမျိုးစေ့များနှင့် နှမ်းမျိုးစေ့များကိုလည်း ဆက်လက်တိုးချဲ့ ထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ စိုက်ဧက တိုးချဲ့မည်ဆိုပါက ဖြစ်ပေါ်လာနိုင်မည့် မျိုးစေ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး မျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းများကို ပြည်တွင်း၌သာ စဉ်ဆက်မပြတ် သုတေသနပြု ထုတ်လုပ်သွားကြရန်လိုကြောင်း၊ သီးနှံစိုက်ဧက အများအပြားရှိသော်လည်း အထွက်နှုန်း လျော့နည်းလျက်ရှိသည့်ဒေသများသို့ သုတေသနအဖွဲ့များ စေလွှတ်၍ အချိန်ယူ သုတေသနပြု အဖြေရှာဆောင်ရွက်သွားကြရန်လည်း လိုကြောင်း၊ သီးနှံများကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် အမြတ်နည်းနည်းနှင့် အရေအတွက်များများ ရောင်းချနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

* စာမျက်နှာ ၄ မှ

ယခုနှစ် ၂၀၂၆ ခုနှစ် မိုးရာသီ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲနှင့် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲများကို တစ်ရက်တည်း၊ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အပင်ပေါင်း ၅၄၁၈၀ ကို စိုက်ပျိုးရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ ယင်းနေရာတွင် စိုက်ပျိုးထားသည့် သစ်ပင်များရှင်သန်ရန် တစ်ပင်စိုက် တစ်ပင်ရှင်ဖြစ်ရန် ဆက်လက်လုပ်ဆောင်ရမည့် ပြုစု ထိန်းသိမ်းခြင်းလုပ်ငန်းများကို လည်း အလေးထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းရာတွင် ကာဗွန်ထုတ်လွှတ်မှု လျော့နည်းစေမည့် အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေး လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် တိုးမြှင့်ဆောင်ရွက်နိုင်ရန် အလေးထား ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ထို့အပြင် ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေ နေထိုင်နိုင်ရေး ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များကို စောင့်ကြည့်လေ့လာခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းအောင် ကြိုတင်သတိပေးစနစ်များ အဆင့်မြှင့်တင်ခြင်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေနေထိုင်သည့် အလေ့အကျင့်ကောင်းများကို တစ်ဦးတစ်ယောက်ကစပြီး ဌာန၊ အဖွဲ့အစည်းအားလုံး ပါဝင်ဆောင်ရွက်ကြရန်လည်း လိုကြောင်း၊ သို့မှသာ ရာသီဥတုဒဏ် ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသည့် လူမှုအသိုင်းအဝိုင်းကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံးအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ကာ **"ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့"**ဟု တိုက်တွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးသော မြို့ကြီးများဆုရရှိသည့် ကရင်ပြည်နယ် ဘားအံမြို့၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော မြို့ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော ကျေးရွာဆုရရှိသည့် ရှမ်းပြည်နယ် ကလောမြို့နယ် ဘော်နင်းရွာသစ်ကျေးရွာ၊ အမျိုးသားအဆင့်ပတ်ဝန်းကျင် စီမံခန့်ခွဲမှုကောင်းမွန်သော စက်ရုံ/လုပ်ငန်းဆုရရှိသည့် ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးမှ Shwe Wah Nadi Agriculture Co.Ltd ၏ ဆန်စပါးကြိတ်ခွဲသန့်စင် ထုတ်လုပ်ခြင်းလုပ်ငန်းတို့မှ တာဝန်ရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမျိုးသားအဆင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း(အထက်တန်းနှင့် အလယ်တန်းအဆင့်) ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသည့် ကျောင်းများကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီက အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်း(မူလတန်းအဆင့်) ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ကျောင်းများကို လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်တက္ကသိုလ်၊ ကောလိပ်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းကျောင်းအဆင့် စာစီစာကုံး ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိသူများကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ သဝဏ်လွှာဗီဒီယိုနှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်(UNEP)အမှုဆောင်ညွှန်ကြားရေးမှူး၏ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ သဝဏ်လွှာ ဗီဒီယို၊ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအသိပညာပေးဗီဒီယိုတို့ကို ကြည့်ရှုကြကာ ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❒ စာမျက်နှာ ၂၄ မှ

အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Putin က မိန့်ခွန်းပြောကြားကာ ဖိုရမ်၏ဆွေးနွေးမှုကို ဦးဆောင်ဆွေးနွေးသည်။

နံနက်ပိုင်းကလည်း ဒုတိယသမ္မတ ဦးညိုစောသည် ရုရှား-အာဆီယံ စီးပွားရေးကောင်စီ(Russia-ASEAN Business Council)ဥက္ကဋ္ဌ Mr. Ivan Viktorovich Polyakov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အဆိုပါစင်တာ၌လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှား-အာဆီယံ စီးပွားရေးကောင်စီတို့အကြား ဆက်ဆံရေးပိုမိုခိုင်မာစေရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံ ကျယ်ပြန့်စွာ ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ထားဝယ်ရေနက်ဆိပ်ကမ်းဓာတ်အားပေးစက်ရုံဆိုင်ရာ MoU လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Inter RAO ကုမ္ပဏီနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ လောင်းလုံ စီးပွားဖွံ့ဖြိုးကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက ဒုတိယသမ္မတနှင့် ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးတို့၏ ရှေ့မှောက်တွင် လက်မှတ်များရေးထိုးကြပြီး စာချွန်လွှာများကို အပြန်အလှန်လဲလှယ်ကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်စ်ရင်းနှီးမြှုပ်နှံမှု ငွေကြေးရန်ပုံငွေအဖွဲ့ (Fund RC-Investments)တို့အကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာ(MoC)များကို တာဝန်ရှိသူများက လက်မှတ်များရေးထိုးကြပြီး စာချွန်လွှာများကို အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

»»» စာမျက်နှာ ၆ မှ

သို့ဖြစ်ပါ၍ တောင်သူများ စိုက်ပျိုးရေ လုံလောက်စွာသုံးစွဲနိုင်ရေးအတွက် ရေလွှဲဆည်များပြုပြင်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီနှင့် ကော်တီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်း တင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံ၊ အတွင်းရေးမှူးအဖြစ် ချောင်းဦးမဲဆန္ဒနယ်မှ ဦးထွန်းလွင် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်းနှင့် အတွင်းရေးမှူးအဖြစ် မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာ နေလင်းတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကို ဇွန် ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်

နေပြည်တော် ဇွန် ၅



တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီ၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီအား ယနေ့နံနက် ၁၁ နာရီတွင် ပေကျင်းမြို့ရှိ ကျောက်ယွီထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ သွားရောက်တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

နှစ်ဖက်တွေ့ဆုံမှုတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးနှင့် "အေးအတူပူအမျှ အသိုက်အဝန်း" တည်ထောင်မှုအပါအဝင် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ရေး၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများတွင် တရုတ်နိုင်ငံက ဆက်လက်ပံ့ပိုးကူညီသွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့ပြင် နယ်စပ်ဒေသများရှိ အွန်လိုင်းလိမ်လည်မှုများနှင့် တရားမဝင်လုပ်ငန်းများကို အိမ်နီးချင်းကောင်းပီသစွာ အတူတကွ ပူးပေါင်းတိုက်ဖျက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင်လည်း နှစ်နိုင်ငံ အပြန်အလှန်ထောက်ခံရပ်တည်ပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား အစဉ်တစိုက် ထောက်ခံအားပေးမှုနှင့် ကူညီပံ့ပိုးပေးမှုများ၊ အထူးသဖြင့် မြေငလျင်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် "တရုတ်တစ်နိုင်ငံတည်းမူဝါဒ"နှင့် တရုတ်နိုင်ငံ အကြီးအကဲ၏ ကမ္ဘာလုံးဆိုင်ရာအစီအမံ (၄)ရပ်အပေါ် အပြည့်အဝထောက်ခံပြီး ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် SCO နှင့် လန်ချန်း- မဲခေါင် ပူးပေါင်းဆောင်ရွက်မှု စသည့် မူဘောင်များအောက်ရှိ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အလေးအနက်ထား ပြောကြားခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယီက တရုတ်နိုင်ငံအနေဖြင့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီတည်ဆောက်မှုတွင် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် ကိုက်ညီမှုရှိသည့် လမ်းကြောင်းဖြင့် လျှောက်လှမ်းနေမှုကို ထောက်ခံအားပေးပါကြောင်း ပြောကြားသည်။ ထို့အတူ နှစ်နိုင်ငံနိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုကိုမြှင့်တင်သွားပြီး ကဏ္ဍစုံ၌ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် ကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထို့နောက် ညနေ ၄ နာရီတွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အဖွဲ့ဝင်၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီဟုန်ကျုံးအား ပြည်သူ့ခန်းမဆောင်၌ သွားရောက်တွေ့ဆုံ၍ လွှတ်တော်နှင့် အစိုးရသစ်က ဆောင်ရွက်သွားမည့် လုပ်ငန်းကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် ကဏ္ဍသစ်ဖွင့်လှစ်နိုင်ရေးကိစ္စ၊ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

တပ်ကုန်း ဇွန် ၅



ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေဥဒေါင်းကျေးရွာတွင် ရွှေမြို့နယ်မြေရဲစခန်းက ဦးဆောင်ကျင်းပသည့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ဇွန် ၃ ရက် မွန်းလွဲပိုင်းတွင် အဆိုပါကျေးရွာ လူထုအခြေပြုခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ရွှေမြို့နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ထွန်းနိုင်ဝင်းက အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပါဝင်ပတ်သက်မှုမရှိစေရေး၊ အမှုရေးဖွင့်ဆောင်ရွက်ထားရှိသည့်အကြမ်းဖက်အမှုများနှင့်ပတ်သက်၍ ဖြစ်စဉ်နှင့် အကြမ်းဖက်ဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရောနစ်ဥပဒေ၊ ရာဇသတ်ကြီးဥပဒေနှင့် ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များ၊ အမျိုးသမီးများအကာအကွယ်ပေးသည့်ဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေ၊ လောင်းကစားဥပဒေများ အသိပညာပေးဟောပြောခဲ့ပြီး မှုခင်းကျဆင်းရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**

# လမ်းဦးစီးဌာနမှ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

စဉ့်ကူး ဇွန် ၅

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်တွင် လမ်းဦးစီးဌာနမှ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီခွဲက လက်ပန်လှ-စဉ့်ကူး ကားလမ်း မိုင်တိုင် ၀/၀-၁/၀ အတွင်း ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်စွာဝင်းခိုင်၊ သပိတ်ကျင်းခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲထွဋ်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး ခရေပင် ၆၀ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်စမ်းစမ်းအေးထံမှ သိရသည်။

**တင်စာလွင်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် Naypyitaw State Academy ရှိ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှု ကြည့်ရှုအားပေး



နေပြည်တော် ဇွန် ၅

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် Naypyitaw State Academy သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် Centre for Research & Innovation (CRI) ဖွင့်လှစ်ရန် လျာထားမှု၊ အဆိုပါ CRI တွင် ကျောက်မျက် ရတနာများ၊ မြေဆီလွှာ၊ သတ္တု သို့မဟုတ် ဓာတုပစ္စည်းများ၏ ပုံဆောင်ခဲစနစ်ပါဝင်သည့် ဒြပ်စင်၊ ဒြပ်ပေါင်းများ၏ ဖွဲ့စည်းပုံများကို ခွဲခြားစိတ်ဖြာစစ်ဆေးရာတွင် အသုံးပြုသည့် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ၊ အဆင့်မြင့်အဏုကြည့်မှန်ပြောင်း စက်ပစ္စည်းများကို အကျိုးရှိပြီး ထိရောက်စွာ အသုံးပြုနိုင်ရေး ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ လက်တွေ့ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အပန်းဖြေရိပ်သာ (Recreation Centre) တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် အိပ်ဆောင်များ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း TV BRICS သတင်းဌာန၏ မေးမြန်းမှုများကို ဖြေကြား




စိန့်ပီတာစဘတ် ဇွန် ၅

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ TV BRICS သတင်းဌာနနှင့် တွေ့ဆုံပြီး မေးမြန်းမှုများကို ဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိတ်ဖက်နိုင်ငံများနှင့် ချစ်ကြည်ရေး ပိုမိုခိုင်မာစေရန် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မီဒီယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုသည်လည်း အဓိကအခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်နေပါကြောင်း၊ နှစ်နိုင်ငံအကြား ပြန်ကြားရေးနှင့် သတင်းမီဒီယာကဏ္ဍတွင် ပိုမိုမြင့်တင်နိုင်ရန် ရုရှားနိုင်ငံပိုင် ရုပ်သံဌာနများနှင့် ပူးပေါင်းပြီး ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍတွင် သတင်းအချက်အလက်များ ဖလှယ်ရေး၊ မှတ်တမ်းရုပ်ရှင်များ၊ ယဉ်ကျေးမှုအစီအစဉ်များကို အပြန်အလှန်ဖလှယ် ထုတ်လွှင့်နိုင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရုရှားနိုင်ငံအပါအဝင် BRICS အဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍတွင် သတင်းအချက်အလက် ပူးပေါင်းဖလှယ်ခြင်းသည် နိုင်ငံများအကြား ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရန်နှင့်ပြည်သူ အချင်းချင်းနားလည်မှုကို ပိုမိုမြှင့်တင်လာနိုင်လိမ့်မည်ဟု မိမိအနေဖြင့်ယုံကြည်ပါကြောင်း၊ "Media is the Public Opinion Shaping tool" ဆိုသည့် စကားအတိုင်း မီဒီယာသည် ပြည်သူများ၏ အတွေးအမြင်ကို ပုံဖော်ပေးနိုင်သည့်အပြင် နိုင်ငံအချင်းချင်း ယဉ်ကျေးမှုနှင့် စာနာနားလည်မှုများကို ပေါင်းကူးတံတားအဖြစ် လုပ်ဆောင်ပေးပါကြောင်း၊ BRICS နိုင်ငံများနှင့် ပူးပေါင်းပြီး ဒီဂျစ်တယ်အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားအရင်းအမြစ် လေ့ကျင့်ပျိုးထောင်ရေးများကို လုပ်ဆောင်ခြင်းဖြင့် လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

သတင်းစဉ်

○ စာမျက်နှာ ၂၄ မှ

လိုအပ်သော ဆေးဝါးနှင့် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင်လည်း ပူတာအိုမြို့သို့ ပို့ဆောင်ရန် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်ထားသော ပညာရေးကဏ္ဍ မြှင့်တင်ရန်အတွက် ကျောင်းသုံးစာအုပ်များ၊ ပညာသင်ထောက်ပံ့ပစ္စည်းများနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆေးနှင့် ဆေးဝါးပစ္စည်းများကို တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက တပ်မတော်လေယာဉ်ပေါ်သို့ သယ်ယူပို့ဆောင်ပေးနေမှုများကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဌာနဆိုင်ရာလုပ်ငန်းသုံးပစ္စည်းများကို တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီးနားမှ ပူတာအိုသို့ နှစ်ကြိမ် ပို့ဆောင်ပေးခဲ့ပြီး ပူတာအိုမြို့သို့ ရောက်ရှိလာသော ယင်းပစ္စည်းများအား တာဝန်ရှိသူများက လက်ခံရယူ၍ သက်ဆိုင်ရာဌာနများသို့ ဆက်လက်ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ပေါင်းစပ်၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

ဟိုပုံး ဇွန် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အမျိုးသမီးများအတွက် ဝင်ငွေ တိုးတက်ရေးဆောင်ရွက်မည့် လုပ်ငန်း စက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲကို ဇွန် ၃ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးရှိ လူထုအခြေပြု ဗဟိုဌာန(Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်ထူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသူများအား သင်တန်းသုံး သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သင်တန်းသုံး သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

**စာအုပ်စာပေ လူ့မိတ်ဆွေ။**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ Telematic Solution Co.,Ltd. မှ အမှုဆောင်အရာရှိချုပ် Mr. Vladimir Parshin အားတွေ့ဆုံ




နေပြည်တော် ဇွန် ၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပလျက်ရှိသည့် (၂၉) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့်အတူ တက်ရောက်လျက်ရှိသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ Telematic Solution Co.,Ltd. မှ အမှုဆောင်အရာရှိချုပ် Mr. Vladimir Parshin အား ဇွန် ၄ ရက် ညနေပိုင်းတွင် EXPOFORUM Convention and Exhibition Centre ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှား၏ ကိုယ်ပိုင်နည်းပညာဖြင့် ထုတ်လုပ်ထားသည့် ဒီဂျစ်တယ်နည်းပညာသုံး မီတာဖတ်ယူသည့်စနစ်နှင့် သုံးစွဲသူများက မီတာခများ ပေးဆောင်နိုင်သည့် Smart meter စနစ် မြန်မာနိုင်ငံတွင် အသုံးပြုနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံ၍ နည်းပညာလွှဲပြောင်းပေးအပ်နိုင်ရန် ကိစ္စရပ်များနှင့် လက်ရှိအသုံးပြုနေသည့်စနစ်တွင်ပေါင်းစပ်၍ အဆင့်မြှင့်တင်သွားနိုင်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၂၄ မှ

စက်တင်ဘာ ၁ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဒုတိယအကျော့ အိမ်ကွင်းပွဲစဉ်ကို စက်တင်ဘာ ၁၀ ရက်တွင် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အဆိုပါ Play-Off အဆင့်ကို ဖြတ်ကျော်နိုင်ခဲ့ပါက အုပ်စု (ခ) တွင် ထိုင်းကလပ် Port FC၊ မလေးရှားကလပ် Johor Darul Ta'zim FC၊ စင်ကာပူကလပ် Lion City Sailors FC၊ ကမ္ဘောဒီးယားကလပ် PKR Svay Rieng FC နှင့် အင်ဒိုနီးရှားကလပ် Persib Bandung တို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(NGB)

# ဖလမ်းမြို့နှင့် ဟားခါးမြို့ရှိ ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များ မြို့အသီးသီးသို့ ထပ်မံရောက်ရှိ

နေပြည်တော် ဇွန် ၅

ချင်းပြည်နယ် ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ဖလမ်းမြို့၊ ဟားခါးမြို့နှင့် ဒေသတစ်ဝိုက်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရေးအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ကျောင်းသုံး/ရုံးသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ဒေသခံပြည်သူများအတွက် အခြားကူညီထောက်ပံ့ရေးပစ္စည်းများတင်ဆောင်၍ ကလေးမြို့မှ ထွက်ခွာလာသည့် မော်တော်ယာဉ်များသည် ဖလမ်းမြို့နှင့် ဟားခါးမြို့များသို့ ထပ်မံရောက်ရှိခဲ့ကြောင်း သိရသည်။

ဖလမ်းမြို့၊ ဟားခါးမြို့နှင့်ဒေသတစ်ဝိုက်ရှိ နိုင်ငံ့ဝန်ထမ်းများနှင့်ဒေသခံတိုင်းရင်းသား ပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရေးအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ပစ္စည်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ တစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် ကလေးမြို့သို့ ပို့ဆောင်ပေးခဲ့ပြီး ဇွန် ၄ ရက်တွင် ကလေးမြို့မှ တစ်ဆင့် ဖလမ်းမြို့နှင့် ဟားခါးမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဌာနဆိုင်ရာဝန်ထမ်းများလိုက်ပါလာပြီး ထောက်ပံ့ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များသည် ဇွန် ၄ ရက် ညပိုင်းတွင် ဖလမ်းမြို့သို့လည်းကောင်း၊ ယနေ့မွန်းလွဲပိုင်းတွင် ဟားခါးမြို့သို့လည်းကောင်း ရောက်ရှိကြရာ မြို့နယ်အသီးသီးရှိ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး ရောက်ရှိလာသည့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြားထောက်ပံ့ပစ္စည်းများကို ဒေသခံတိုင်းရင်းသားပြည်သူများအား သက်ဆိုင်ရာတာဝန်ရှိသူများမှတစ်ဆင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ကျောင်းသားလူငယ်များ၏ ပညာရေး၊ မြို့ရွာများပြန်လည်ထူထောင်ရေးနှင့် အခြားသော လိုအပ်ချက်များအတွက် အထောက်အကူဖြစ်မည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသ၏ လိုအပ်ချက်အပေါ်မူတည်၍ ထပ်မံဖြည့်ဆည်းပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


ဖလမ်းမြို့သို့ စားသောက်ကုန်ပစ္စည်းများ ရောက်ရှိမှုကို တွေ့ရစဉ်။


ဟားခါးမြို့သို့ ဌာနဆိုင်ရာတာဝန်ရှိသူများ ရောက်ရှိလာစဉ်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် ဇွန် ၅

အွန်လိုင်း လိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်း မပြုနိုင်စေရေးအတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို ထပ်မံ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ တို့ကိုအဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၃၆ လုံးအား စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၄၁ လုံး ကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်း လောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့် လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ကရင်ပြည်နယ်မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

❖ စာမျက်နှာ ၂၄ မှ

ထုတ်ယူဖြန့်ဖြူးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သီလဝါမှ စက်သုံးဆီများ တင်ဆောင်ထွက်ခွာလာသည့် ဆီတင်ယာဉ်များအား သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ/မရှိ သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်းစစ်ဆေးဆောင်ရွက်လျက်ရှိသည့် ထွင့်ခေါင်စစ်ဆေးရေးဂိတ်သို့ရောက်ရှိပြီး ဆီတင်ယာဉ်များအား စစ်ဆေးဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အတွင်း စက်သုံးဆီတင်သွင်းသိုလှောင်ထားမှုအနေဖြင့် ဓာတ်ဆီအုပ်စုတွင် ရက် ၄၀၊ ဒီဇယ်အုပ်စုတွင် ၅၄ ရက်အတွက် သိုလှောင်ထားရှိပြီး သီလဝါတွင် ဆီချရန် ရောက်ရှိနေသည့် ဆီတင်သင်္ဘော သုံးစင်း၊ လမ်းခရီးတွင်ရောက်ရှိနေသည့် ဆီတင်သင်္ဘော တစ်စင်း၊ တစ်ဖက်နိုင်ငံဆိပ်ကမ်းတွင် ဆီတင်နေသည့်သင်္ဘော တစ်စင်းနှင့် ဆီတင်ရန်စောင့်ဆိုင်းနေသည့် ဆီတင်သင်္ဘော ငါးစင်း စုစုပေါင်း ဆီတင်သင်္ဘော ၁၀ စင်းရှိပြီး အစီအမံအတိုင်း စက်သုံးဆီတင်သင်္ဘောများ ပုံမှန်ဝင်ရောက်လျက်ရှိသဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီများကို လုံလောက်စွာသုံးစွဲနိုင်ရေးအတွက် အစဉ်တစိုက်စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ် တန် ၄၀၀ ကျော် သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်မှ ၃၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၂၉ ဒသမ ၄၆၆၁ တန်၊ သစ်မာ ၄၂ ဒသမ ၉၃၅၈ တန်၊ အခြားသစ် ၃၃၆ ဒသမ ၇၅၂၈ တန် စုစုပေါင်း ၄၀၉ ဒသမ ၁၅၄၇ တန်၊ ယာဉ်/ယန္တရား ကိုးစီးနှင့် တရားခံ ၂၅ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဖလမ်းမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာကြသော နိုင်ငံ့ဝန်ထမ်းများအား မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆို



**ဟားခါး ဇွန် ၅**

တပ်မတော်အနေဖြင့် ဖလမ်းမြို့ကို ဧပြီ ၂၅ ရက်တွင် အလုံးစုံပြန်လည်ထိန်းချုပ်ခဲ့ပြီး ဖြစ်သည့်အတွက် ကလေးမြို့၌ ယာယီတိမ်းရှောင်နေသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် ယမန်နေ့က ဖလမ်းမြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ရောက်ရှိလာကြရာ ဖလမ်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြသည်။

နယ်မြေဒေသ တည်ငြိမ်အေးချမ်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဌာနဆိုင်ရာရုံးလုပ်ငန်းများနှင့် အုပ်ချုပ်ရေးယန္တရားများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ကလေးမြို့၌ ယာယီတိမ်းရှောင်နေသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအား မေ ၆ ရက်တွင် ပထမအကြိမ်အဖြစ် မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး ဖြစ်သည်။

အလားတူ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အိမ်ထောင်စု ၆၀၀ အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပစ္စည်းများနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေ ၁၀ တန်၊ သွပ် တန် ၂၀၊ သွပ်ရိုက်သံ ၁၀ ဖာ၊ ဆန် ရှစ်တန်တို့ကို ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့များသို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စစ်ကိုင်းမြို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးမှူးရုံးတွင် နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေးနေစဉ် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ချိန်ကိုက်ဗုံးဖြင့်ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ရုံးဝန်ထမ်းများနှင့် အပြစ်မဲ့ဒေသခံပြည်သူ ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၅

NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် PDF အမည်ခံအကြမ်းဖက်သမားများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်၍ ဒေသဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်လျက်ရှိသော ဒေသခံပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်၊ ဗိုလ်ကျ၊ ဖမ်းဆီးနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို တရားဥပဒေမဲ့ ကျူးလွန်လျက်ရှိသည့်အပြင် ဌာနဆိုင်ရာအဆောက်အအုံများ၊ ပြည်သူပိုင်နေအိမ်များ၊ လမ်း၊ တံတားများကို Drop Bomb ချတိုက်ခိုက်ခြင်း၊ လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများအသုံးပြု၍ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ပြုလုပ်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ လူဝင်မှုကြီးကြပ်ရေးမှူးရုံးတွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ချိန်ကိုက်ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့မှု ဖြစ်စဉ်ပြပုံ။

ထိုသို့ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးမှူးရုံးတွင် နိုင်ငံတော်အစိုးရ၏ လမ်းစီမံချက်ဖြင့် အသက်(၁၈)နှစ်ပြည့်ပြီးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် နိုင်ငံသားများ၊ အသက်(၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် Unique ID ကောက်ယူခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာတွင် အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာ လက်လုပ်ချိန်ကိုက်ဗုံးဖြင့် မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခဲ့ကြောင်း၊ ချိန်ကိုက်ဗုံးပေါက်ကွဲမှုကြောင့် ရုံးဝင်းအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ရုံးဝန်ထမ်းခြောက်ဦးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ရန် လာရောက်လုပ်ဆောင်သည့် အပြစ်မဲ့အရပ်သားပြည်သူ ၁၃ ဦး စုစုပေါင်း ၁၉ ဦးတို့တွင် ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ရုံးခန်းများနှင့် ရုံးသုံးစာရွက်စာတမ်းများ ထိခိုက်ပျက်စီးခဲ့ကြောင်းသိရသည်။ ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများ ထိခိုက်သေကျေပျက်စီးစေလိုသည့် ယုတ်မာသောရည်ရွယ်ချက်ဖြင့် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိဘဲ အေးချမ်းစွာနေထိုင်လျက်ရှိသည့် ပြည်သူများအပေါ် အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်လုပ်ဆောင်ခဲ့ကြသည့်အတွက် ပြည်သူလူထုက ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသည့် အကြမ်းဖက်သောင်းကျန်းသူများအား အမြန်ဆုံးဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး တာဝန်သိဒေသခံပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**







စစ်ကိုင်းမြို့ လူဝင်မှုကြီးကြပ်ရေးမှူးရုံးတွင် PDF အမည်ခံအကြမ်းဖက်သမားများ၏ ချိန်ကိုက်ဗုံးဖောက်ခွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို တွေ့မြင်ရစဉ်။

**ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**

# နိုင်ငံတကာ အားကစား သတင်းများ

## ကော့စ်တက်စ်စီမီကာစ် ဂရိလက်ရွေးစင်အသင်းကစားသမားဘဝ နိုင်ငံတကာပြိုင်ပွဲ ၅၀ ပြည့်မြောက်



**လန်ဒန် ဇွန် ၅**

နောက်ခံကစားသမား ကော့စ်တက်စ်စီမီကာစ် ဂရိလက်ရွေးစင်အသင်းကစားသမားဘဝ နိုင်ငံတကာပြိုင်ပွဲ ၅၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ဂရိလက်ရွေးစင်အသင်းက ဆွီဒင်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ပွဲ ၅၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ကော့စ်တက်စ်စီမီကာစ်သည် ဂရိလက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၈ မှ ၂၀၂၆ ခုနှစ်အတွင်း ပြိုင်ပွဲ ၅၀ ကစားကာ တစ်ဂိုး သွင်းယူထားသည်။ **(ဝဲပုံ)**

အသက်(၃၀)နှစ်အရွယ်ရှိ ကော့စ်တက်စ်စီမီကာစ်က "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် ဂရိလက်ရွေးစင်အသင်းနဲ့အတူ အောင်မြင်မှုများရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**

## နည်းပြ သောမတ်စ်ဖရန့်ခ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဖူလ်ဟမ်အသင်း ဆွေးနွေး



**လန်ဒန် ဇွန် ၅**

ဖူလ်ဟမ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ သောမတ်စ်ဖရန့်ခ်ကို ခန့်အပ်ရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၅၂)နှစ်အရွယ်ရှိ နည်းပြ သောမတ်စ်ဖရန့်ခ်သည် နည်းပြဘဝတစ်လျှောက်တွင် ဘရန့်ဖို့ဒ်၊ စပါး စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသူတစ်ဦးဖြစ်ခြင်းကြောင့် ဖူလ်ဟမ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ သောမတ်စ်ဖရန့်ခ်ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် ဖူလ်ဟမ်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် နည်းပြ သောမတ်စ်ဖရန့်ခ်ကို ဖူလ်ဟမ်အသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## ယာစင်းတီထရာအူအီကို ခေါ်ယူရန် ဆန်းဒါးလန်းအသင်း စီစဉ်

**လန်ဒန် ဇွန် ၅**

ဆန်းဒါးလန်းအသင်းသည် ချာလာရွိုင်းအသင်း ကွင်းလယ်ကစားသမား ယာစင်းတီထရာအူတီကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၂)နှစ် ကွင်းလယ်ကစားသမားသည် ချာလာရွိုင်းအသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ပြိုင်ပွဲ ၃၅ ပွဲ ကစားကာ ငါးဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆန်းဒါးလန်းအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



ကွင်းလယ်ကစားသမား ယာစင်းတီထရာအူတီ ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ဆန်းဒါးလန်းအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ချာလာရွိုင်းအသင်းမှ ယာစင်းတီထရာအူတီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ) (NGB)**



## အိုင်ဗရီကို့စ်အသင်းက ပြင်သစ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၅**

နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အိုင်ဗရီကို့စ်အသင်းနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အိုင်ဗရီကို့စ်အသင်းက ပြင်သစ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အိုင်ဗရီကို့စ်အသင်းတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၅၃မိနစ်တွင် ဂူးလာဒူအီ၊ ပွဲချိန် ၈၄မိနစ်တွင် အာမတ်ဒီယာလိုတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အိုင်ဗရီကို့စ်အသင်းသည် ၂၀၂၆ ခုနှစ်အတွင်း နိုင်ငံတကာ ခြေစမ်းပွဲစဉ် သုံးပွဲကစားကာ သုံးပွဲစလုံး အနိုင်ရယူထားသည်။

**(အပေါ်ပုံ) (NGB)**

## အီသန်အမ်ပါဒူ လိဒ်စ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇွန် ၅**

လိဒ်စ်အသင်းသည် အသင်းကွင်းလယ်ကစားသမား အီသန်အမ်ပါဒူကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ ကွင်းလယ်ကစားသမားသည် လိဒ်စ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၆ ပွဲကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ အီသန်အမ်ပါဒူက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ လာမယ့်ဘောလုံးရာသီမှာ အောင်မြင်မှုတွေ ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## 2026 Roland Garros အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Mirra Andreeva တက်ရောက်

**ပါရီ ဇွန် ၅**

ပြင်သစ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Roland Garros တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ရုရှားတင်းနစ်မယ် Mirra Andreeva တက်ရောက်ခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်မယ် Mirra Andreeva သည် 2026 Roland Garros တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ယူကရိန်းတင်းနစ်မယ် Marta Kostyuk ကို ၆-၁၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Roland Garros တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ရုရှားတင်းနစ်မယ် Mirra Andreeva နှင့် ပိုလန်တင်းနစ်မယ် Maja Chwalinska တို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**



## အစ်ဆာဒူမ်ဘီယာကို စပို့တင်းလစ္စဘွန်းအသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၅**

စပို့တင်းလစ္စဘွန်းအသင်းသည် ဗင်နီဇီယာအသင်း ကွင်းလယ်ကစားသမား အစ်ဆာဒူမ်ဘီယာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ အစ်ဆာဒူမ်ဘီယာသည် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ၂၀၃၁ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။



ကွင်းလယ်ကစားသမား အစ်ဆာဒူမ်ဘီယာသည် ဗင်နီဇီယာအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၉ ပွဲကစားပြီး ခြောက်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပို့တင်းလစ္စဘွန်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

စပို့တင်းလစ္စဘွန်းအသင်းသည် နွေရာသီဈေးကွက်အတွင်း ကစားသမား နှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(ဝဲပုံ) (NGB)**

## နိုင်ငံတကာခြေစမ်းပွဲစဉ်

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၆-၆-၂၀၂၆ ည ၇း၃၀ နာရီ | ဘယ်လ်ဂျီယံ - တူနီးရှား |
| ။ | လစ်သူယေးနီးယား - လတ်ဗီးယား |
| ၆-၆-၂၀၂၆ ည ၁၀း၃၀ နာရီ | အာမေးနီးယား - ကာဇက်စတန် |
| ၇-၆-၂၀၂၆ နံနက် ၀၀း၁၅ နာရီ | ပေါ်တူဂီ - ချီလီ |
| ။ | ရိုမေးနီးယား - ဝေးလ် |
| ၇-၆-၂၀၂၆ နံနက် ၀၁း၀၀ နာရီ | အမေရိကန် - ဂျာမနီ |
| ၇-၆-၂၀၂၆ နံနက် ၀၂း၃၀ နာရီ | အင်္ဂလန် - နယူးဇီလန် |
| ၇-၆-၂၀၂၆ နံနက် ၀၄း၃၀ နာရီ | ဘရာဇီး - အီဂျစ် |

## ဘောလုံးသတင်း အတိုအထွာများ

* စပိန်လက်ရွေးစင်အသင်း တောင်ပံကစားသမား ယာမဲလ်က မိမိအနေဖြင့် အသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလား ချန်ပီယံဖြစ်ဖို့ မျှော်လင့်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

* အာဆင်နယ်အသင်းသည် လိုင်လီ ကွင်းလယ်ကစားသမား ဘူယက်ဒီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(NGB)**

## လင်းဆေးဟီးပ်စ် လိုင်ယွန်အမျိုးသမီးအသင်းမှ ထွက်ခွာမည်

**ပါရီ ဇွန် ၅**

ကွင်းလယ်ကစားသမား လင်းဆေးဟီးပ်စ်သည် လိုင်ယွန်အမျိုးသမီးအသင်းမှ ထွက်ခွာသွားတော့မည်ဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပအမျိုးသမီးကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား လင်းဆေးဟီးပ်စ်သည် လိုင်ယွန်အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၂ ပွဲ ကစားကာ ၂၇ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။ **(ယာပုံ)**

ထို့ကြောင့် ကွင်းလယ်ကစားသမား လင်းဆေးဟီးပ်စ်အနေဖြင့် လိုင်ယွန်အမျိုးသမီးအသင်းမှ ထွက်ခွာပြီးနောက် မည်သည့်အသင်းသို့ ပြောင်းရွှေ့ကစားသွားမည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



# မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်၏ ပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော်ရှည်ဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်





**မန္တလေး ဇွန် ၅**

ပြင်ဦးလွင်မြို့ သီးသန့်နားနေဆောင်၌ ယာယီသီတင်းသုံးတော်မူသည့် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက၊ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော်ရှည်ဆရာတော်ကြီးသည် မူလသီတင်းသုံးတော်မူသည့် ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်တွင် ပြန်လည်ကြွရောက်ပြီး ကျန်းမာရေးကောင်းမွန်စွာဖြင့် သီတင်းသုံးတော်မူလျက်ရှိသည်။

မဟာဝိဇိတာရုံပရိယတ္တိ စာသင်တိုက်ရှိ မူလသိမ်ကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူနေသည့် သက်တော်ရှည်ဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းက သွားရောက်ဖူးမြော်၍ သက်တော်ရှည် ဆရာတော်ကြီး၏ ကျန်းမာရေးကို အနီးကပ်ပြုစုစောင့်ရှောက်ပေးနေသည့် ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တယာနိကထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့က လှူဖွယ်ပစ္စည်းများနှင့် အာဟာရဖြည့်စွက်စာများ ဆက်ကပ်လှူဒါန်းပြီး သက်တော်ရှည်ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများနှင့် စပ်လျဉ်း၍ သြဝါဒများခံယူကာလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် သက်တော်ရှည်ဆရာတော်ကြီးသည် ချမ်းအေးသာစံမြို့နယ်၊ မဟာဝိဇိတာရုံပရိယတ္တိ စာသင်တိုက်ရှိ မူလသိမ်ကျောင်းတော်ကြီးတွင် ကျန်းမာရေးကောင်းမွန်စွာဖြင့် သီတင်းသုံးတော်မူလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မျက်မှောက်ခေတ် ကြုံတွေ့နေရသည့် ရာသီဥတုဆိုင်ရာ အရေးပေါ်အခြေအနေများသည် ကာဗွန်ထုတ်လွှတ်မှုများစေသော မြေအသုံးချမှုနှင့် စိုက်ပျိုးနည်းပုံစံများ၊ သယ်ယူပို့ဆောင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများအပြင် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသော စွမ်းအင်အရင်းအမြစ်များကိုအသုံးပြုခြင်း၏ တိုက်ရိုက်ဆိုးကျိုးများဖြစ်ပါကြောင်း၊ ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် "ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့" ဆိုထားသည့်အတိုင်း ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်နှင့်သက်ဆိုင်သည့်လုပ်ငန်းများတွင် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူလူထု အားလုံးပူးပေါင်းကာ အဓိကအကြောင်းအရာများကို ဝိုင်းဝန်းအဖြေရှာ၍ အကောင်းဆုံးဖြေရှင်းနိုင်သည့်နည်းလမ်းများဖြင့် ထိရောက်စွာဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ငင်းနောက် တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးအောင်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ပေါ်ပေါက်လာမှုနှင့် ကျင်းပရသည့် ရည်ရွယ်ချက်များ၊ တိုင်းဒေကြီးအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့၊ ကျေးရွာ၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းတို့တွင် ဆုရရှိခဲ့သူများကို ဆုများချီးမြှင့်ရခြင်းနှင့် စိစစ်သုံးသပ်ရွေးချယ်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး

စာမျက်နှာ ၁၃ သို့ ■






# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(တတိယနေ့)ဆက်လက်ကျင်းပ

**မန္တလေး ဇွန် ၅**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(တတိယနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ အစီအစဉ်(၉)ရပ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ် စုစုပေါင်း ၇၇ ဦး တက်ရောက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး မေးမြန်းသည့်ကြယ်ပွင့်ပြမေးခွန်း ၁၅ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်သည်။

ထို့နောက် "စစ်ဘေးကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံး၊ ပျက်စီးဆုံးရှုံးမှုများအပေါ် ပြန်လည်ပြုစုပျိုးထောင်နိုင်ရေးအတွက် ဒေသန္တရစီမံကိန်းတွင်ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး" အဆိုကို လွှတ်တော်သို့တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း၊ ၎င်းအဆိုကို ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ သဘောထားရယူခြင်းတို့ဆောင်ရွက်ရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုနှင့်ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဆွေးနွေးမည့်နေ့ရက်ကို ကြေညာခဲ့သည်။



မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)ကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့)ကို ဇွန် ၈ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

## မန္တလေးမြို့၌ ပညာတော်သင်နှီးနှောဖလှယ်ပွဲကျင်းပ



**မန္တလေး ဇွန် ၅**

ဂျပန်နိုင်ငံတွင် အလုပ်ခွင်လက်တွေ့သင်တန်းများ ပို့ချပေးခြင်းနှင့်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် Beppu Mizobe Gakuen College ၏ "Seminar for Study in Japan" အထူးနှီးနှောဖလှယ်ပွဲနှင့်အရည်အချင်းစစ် စာမေးပွဲကြီးကို ကျောင်းအုပ်ကြီး Mrs. Mizobe Yoshiko ကိုယ်တိုင် ဦးဆောင်၍ ယနေ့နံနက်ပိုင်းက မန္တလေးမြို့ရှိ Hotel Hazel တွင် ကျင်းပခဲ့သည်။

အဆိုပါ ပညာတော်သင် ဆွေးနွေးပွဲသို့ မန္တလေးနှင့် ဒေသအသီးသီးမှ ဂျပန်ဘာသာစကား သင်ယူတတ်မြောက်ထားသည့် ကျောင်းသား၊ ကျောင်းသူများနှင့်မိဘအုပ်ထိန်းသူများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများအား နံနက် ၉ နာရီ ၁၅ မိနစ်မှစတင်၍ ကြိုဆိုနေရာချထားပေးကာ ကျောင်းဆိုင်ရာ အချက်အလက်စာရွက်စာတမ်းများနှင့်အမှတ်တရလက်ဆောင်အိတ်များကို ဝေငှပေးခဲ့သည်။

ဂျပန်ကျောင်းပညာရေးစနစ်နှင့်ပတ်သက်၍ တက်ရောက်လာသူများ နားလည်သဘောပေါက်လွယ်စေရန် မြန်မာဘာသာစကားပြန်ဖြင့် စနစ်တကျပြန်ဆိုဆောင်ရွက်ပေးခဲ့သည်။ ရှင်းလင်းပွဲအပြီးတွင်လည်း ပေါ့ပေါ့ပါးပါးနှင့် ရင်းနှီးပွင့်လင်းစွာ မေးမြန်းနိုင်သည့် Q&A အမေးအဖြေကဏ္ဍကို ထည့်သွင်းကျင်းပခဲ့သဖြင့် ကျောင်းသားမိဘများ သိရှိလိုသည်များကို စုံစုံလင်လင်မေးမြန်းခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ကျောင်းဝင်ခွင့်နှင့် ပညာသင်ဆုအတွက် အရေးပါသောရေးဖြေနှုတ်ဖြေထောင်စွမ်းရည် စာတွေ့၊ လက်တွေ့စာမေးပွဲကြီးကို နှစ်နာရီကြာတိကျစွာ စစ်ဆေးခဲ့ကြသည်။

ယနေ့ကျင်းပခဲ့သည့် စာတွေ့၊ လက်တွေ့စာမေးပွဲတွင် အရည်အချင်းပြည့်မီကာ အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းမှ တာဝန်ရှိသူများက ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်သည်။

အဆိုပါ အောင်မြင်သူများသည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် Hotel Hazel ရှိ သီးသန့်အစည်းအဝေးခန်းမ၌ လူတွေ့အင်တာဗျူး ဆက်လက်ဖြေဆိုရမည်ဖြစ်ကြောင်း၊ လူတွေ့အင်တာဗျူးအစီအစဉ်သို့ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မိဘ(သို့မဟုတ်)အုပ်ထိန်းသူများပါ အတူတကွ တက်ရောက်ရမည်ဖြစ်ပြီး အောင်မြင်သူများအနေဖြင့် ဂျပန်နိုင်ငံရှိ Beppu Mizobe Gakuen College တွင် ပညာသင်ယူရင်း အလုပ်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ ရရှိကြမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

■ စာမျက်နှာ ၁၂ မှ

တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့၊ ကျေးရွာ၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဆုရရှိသူများအား ဆုတံဆိပ်နှင့်ဂုဏ်ပြုငွေများချီးမြှင့်ရာ အကောင်းဆုံးအဆင့် ကျေးရွာရရှိသည့် ညောင်ဦးခရိုင်၊ မင်းနန်သူ ကျေးရွာအုပ်စုမှ မင်းနန်သူကျေးရွာ၊ အကောင်းဆုံးအဆင့်စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းရရှိသည့် အမရပူရခရိုင်၊ မြစ်ငယ်မြို့ရှိ ကုန်းတွင်းဆိပ်ကမ်းစီမံကိန်းလုပ်ငန်း(KM Terminal & Logistci Co.,Ltd.)၊ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ(အထက်တန်းကျောင်းဆင့်)တွင် ဆုရရှိသည့် ပထမဆုရ ညောင်ဦးမြို့နယ်၊ ကံသာရပ်၊ နယ်မြေ(၃)ရှိ အခြေခံပညာအထက်တန်းကျောင်း(ညောင်ဦး)၊ ဒုတိယဆုရ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၃၀)အခြေခံပညာအထက်တန်းကျောင်း၊ တတိယဆုရ ပြင်ဦးလွင်မြို့နယ်၊ လွန်ကောင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ (လွန်ကောင်း)၊ (မူလတန်းဆင့်)တွင် ဆုရရှိသည့် ပထမဆုရ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဆောက်တောဝမြောက်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း (ဆောက်တောဝ -မြောက်)၊ ဒုတိယဆုရ သာစည်မြို့နယ်၊ မြို့ကြီးကုန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း ((မြို့ကြီးကုန်း)၊ တတိယဆုရ ပြင်ဦးလွင်မြို့နယ်၊ သပြေရေကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း (သပြေရေ) တို့မှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေး Video Clip နှင့် ခင်းကျင်းပြသထားသည့် စက်ကိရိယာများ၊ ပိုစတာများ၊ စာအုပ်များ၊ အထိမ်းအမှတ်ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ လက်လီဈေးနှုန်းများ ထုတ်ပြန်



**မန္တလေး ဇွန် ၅**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇွန် ၅ ရက်မှ ဇွန် ၁၁ ရက်အထိ စားအုန်းဆီတစ်ပိဿာလျှင် ရန်ကုန်အထိုင်ဈေးငွေကျပ် ၇၃၅၄ ကျပ်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် လက်ကား၊ လက်လီရောင်းချမည့်ဈေးနှုန်းများအားလည်း ရန်ကုန်အထိုင်ဈေးအပေါ် မူတည်ပြီး ကော်မတီမှ သတ်မှတ်သည့် ဒေသအလိုက် အရင်းဈေးအပေါ် အခြေခံ၍ မြို့တွင်းသယ်ယူခ၊ လုပ်သားခများနှင့် အမြတ် နှစ်ရာခိုင်နှုန်းထပ်ပေါင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီ၊ လက်ကားဈေးနှုန်းများအား သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇွန် ၅ ရက်မှ ဇွန် ၁၁ ရက်အထိ မန္တလေးတိုင်းဒေသကြီးခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ၏ လက်လီဈေးနှုန်းများမှာ မန္တလေးမြို့ ငွေကျပ် ၈၆၄၅ ကျပ်၊ မိတ္ထီလာမြို့ငွေကျပ် ၈၄၇၀၊ ရမည်းသင်းမြို့ ငွေကျပ် ၈၄၅၀၊ ကျောက်ဆည်မြို့ ငွေကျပ် ၈၆၀၀၊ ပြင်ဦးလွင်မြို့ ငွေကျပ် ၈၆၉၀၊ မြင်းခြံမြို့ ငွေကျပ် ၈၇၂၀၊ ညောင်ဦးမြို့အတွက် ငွေကျပ် ၈၆၃၀ ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀

ရေစီးရေလာကောင်းဖို့ရာရေနုတ်မြောင်းမှာ
အမှိုက်ပစ်တာ ဆင်ခြင်ပါ။

## ကမ္ဘာ့အကြီးမားဆုံး ဂျက်လေယာဉ်ကြီးများကို ဝယ်ယူရန် အဲဘတ်စ်၊ ဘိုးရင်းတို့နှင့် စင်ကာပူလေကြောင်းလိုင်းဆွေးနွေးနေ




**စင်ကာပူ ဇွန် ၅**

စင်ကာပူလေကြောင်းလိုင်းသည် လာမည့်ဆယ်စုနှစ်မှစတင်၍ အနည်းဆုံး လေယာဉ်အစီးရေ ၅၀ ပါဝင်မည့် လုပ်ငန်းနယ်ပယ်အတွင်း ကမ္ဘာ့အကြီးမားဆုံး ဂျက်လေယာဉ်ကြီးများကို ဝယ်ယူရန် လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများဖြစ်သော အဲဘတ်စ်နှင့် ဘိုးအင်းတို့ ဆွေးနွေးနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ အရှေ့တောင်အာရှလေကြောင်းလိုင်းသည် လက်ရှိလုပ်ငန်းနယ်ပယ်အတွင်း အကြီးမားဆုံးမော်ဒယ်ဖြစ်သည့် ခရီးသည် ၄၀၀ ဆံ့ ဘိုးအင်း ၇၇၇ အက်စ် လေယာဉ်များ သို့မဟုတ် အရွယ်အစား အနည်းငယ်ပိုငယ်သော အဲဘတ်စ် အေ ၃၅၀-၁၀၀၀ လေယာဉ်များ ထပ်မံဝယ်ယူရန်အတွက် ကမ်းလှမ်းမှုများကို ရှာဖွေနေခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် လေယာဉ်အုပ်စုအသစ်လဲလှယ်ရေး အစီအစဉ်များကို ပုံမှန်သုံးသပ်လေ့ရှိပြီး မိမိတို့ လုပ်ဆောင်နေခြင်းရှိ၊ မရှိ ဆိုသည်ကို လျှို့ဝှက်ဆွေးနွေးမှုများနှင့်ပတ်သက်၍ မှတ်ချက်ပေးရန်မရှိဟု စင်ကာပူလေကြောင်းလိုင်းက တုံ့ပြန်ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## အဆင့်မြင့် အဗင်ညာ လျှပ်စစ်ကားများကို ပြည်တွင်း၌ ထုတ်လုပ်ရန် ချယ်ရီမော်တော်ကားထုတ်လုပ်ရေး ပလက်ဖောင်းကို အသုံးပြုသွားမည်

**နယူးဒေလီ ဇွန် ၅**

တာတာမော်တာစ်ကုမ္ပဏီသည် ၎င်းတို့၏ အဆင့်မြင့် အဗင်ညာ အမှတ်တံဆိပ်အောက်တွင် လျှပ်စစ်ကားများကို ပြည်တွင်း၌ ထုတ်လုပ်ရန်အတွက် ချယ်ရီကုမ္ပဏီ၏ မော်တော်ကားထုတ်လုပ်ရေး ပလက်ဖောင်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံ တောင်ပိုင်း တမီးလ်နာဒူးပြည်နယ်ရှိ ၎င်းတို့၏ အသစ်ဖွင့်လှစ်လိုက်သော စက်ရုံတွင် ကားများကို ထုတ်လုပ်သွားမည်ဖြစ်ပြီး တရုတ်နိုင်ငံရှိ ချယ်ရီနှင့် ဂျက်ဂွါအာလန်းရိုဗာတို့၏ ဖက်စပ်လုပ်ငန်းမှ ထုတ်လုပ်သည့် ဖရီးလန်းဒါး ပလက်ဖောင်းကို အသုံးချသွားမည်ဖြစ်ကြောင်း အဆိုပါ အိန္ဒိယမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီက အတည်ပြုသည်။

ချယ်ရီကုမ္ပဏီ၏ ပလက်ဖောင်းပေါ်တွင် အခြေခံမည့် ပထမဆုံး အဗင်ညာမော်ဒယ်ကို ၂၀၂၇ ခုနှစ်တွင် ထွက်ရှိရန် သတ်မှတ်ထားပြီး တရုတ်နိုင်ငံမှ အစိတ်အပိုင်းများအဖြစ် တင်ပို့ကာ အိန္ဒိယနိုင်ငံတွင် တပ်ဆင်သွားမည်ဖြစ်ကြောင်းနှင့် ပြည်တွင်းဖြစ် အစိတ်အပိုင်းများကို ရှာဖွေရန် ကြိုးပမ်းမှုများလည်း စတင်နေပြီဖြစ်ကြောင်း သိရသည်။ **Mon**

## အပစ်ရပ် သဘောတူညီချက်ပါ စည်းကမ်းချက်များကို ဟစ်ဇဘိုလာလက်နက်ကိုင်အဖွဲ့က ပြတ်သားစွာ ငြင်းပယ်

**ဘေရှတ် ဇွန် ၅**

အစ္စရေးနှင့် လက်ဘနွန်နှစ်နိုင်ငံတို့အကြား အမေရိကန်က ကျောထောက်နောက်ခံပြုထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပါ စည်းကမ်းချက်များကို လက်ဘနွန်လက်နက်ကိုင် ဟစ်ဇဘိုလာအဖွဲ့က ပြတ်သားစွာ ငြင်းပယ်လိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယင်းဆွေးနွေးပွဲများသည် လက်ဘနွန်နိုင်ငံအတွက် အကျိုးမဲ့ပြီး ဂုဏ်သိက္ခာညှိုးနွမ်းစေကာ လက်ဘနွန်ပြည်သူအများစုက ပြတ်ပြတ်သားသား ငြင်းပယ်ကြောင်းအီရန်က ကျောထောက်နောက်ခံပြုထားသည့် အဆိုပါအဖွဲ့၏ ခေါင်းဆောင် နာအင်မ်ကာဆမ်က ပြောကြားသည်။

ဟစ်ဇဘိုလာအဖွဲ့ဝင်များကို ပိတ်ပင်တားမြစ်မည့် လက်ဘနွန်နိုင်ငံအတွင်း စမ်းသပ်လုံခြုံရေးဇုန်များ သတ်မှတ်ခြင်းဖြင့် ၎င်းတို့၏ ပျက်ပြယ်လွယ်သော အပစ်အခတ်ရပ်စဲရေးကို ပြန်လည်စတင်ရန် အစ္စရေးနှင့် လက်ဘနွန်တို့က ကြေညာခဲ့ပြီးနောက် ၎င်းက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



## ဧဝရက်တောင်ပေါ်တွင် ခြောက်ရက်ကြာ ပျောက်ဆုံးနေခဲ့သူကို အခြေစိုက်စခန်းအနီးတွင် အသက်ရှင်လျက် ပြန်လည်တွေ့ရှိခဲ့

**ခတ္တမန္ဒူ ဇွန် ၅**

ဧဝရက်တောင်ပေါ်တွင် ခြောက်ရက်ကြာ ပျောက်ဆုံးနေခဲ့ပြီး သေဆုံးသွားပြီဟု ယူဆခြင်းခံခဲ့ရသော နီပေါနိုင်ငံသား တောင်တက်လမ်းပြတစ်ဦးသည် အခြေစိုက်စခန်းအနီးအနားအထိ တစ်ဦးတည်း သွားသွားခဲ့ပြီးနောက် အသက်ရှင်လျက် ပြန်လည်တွေ့ရှိခဲ့သည်ဟု တာဝန်ရှိသူများက ဇွန် ၄ ရက်တွင် ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကျော်ကြားသော တောင်တက်သမား အက်ဒမွန်ဟီလာရီကို ရည်ညွှန်းကာ ဟီလာရီဟု ပိုမိုလူသိများသည့် အသက် ၅၀ ကျော်အရွယ် တောင်တက်သမား ဒါဝါရှာပါသည် မေ ၃၀ ရက် အစောပိုင်းက ကမ္ဘာ့အမြင့်ဆုံးတောင်၏ အထက်ပိုင်းဒေသများတွင် ပြင်းထန်သောအအေးဒဏ် ခံစားရသည့် အခြေအနေများအကြား ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

ဧဝရက်တောင်ပေါ်တွင် လမ်းကြောင်းများသတ်မှတ်ပေးခြင်းနှင့် စွန့်ပစ်အမှိုက်များကို သန့်ရှင်းရေးလုပ်ဆောင်ပေးခြင်းတို့ ဆောင်ရွက်သည့် နီပေါအဖွဲ့တစ်ခုဖြစ်သော ဆာဂါမာသာညစ်ညမ်းမှုထိန်းချုပ်ရေးကော်မတီက ၎င်းကို အခြေစိုက်စခန်းအနီး၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

STOP AIDS

## ညတွင်းချင်း တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် ဝယ်လင်တန်မြို့တော်ရှိ နေအိမ်များတွင် ရေလျှံ

**ဝယ်လင်တန် ဇွန် ၅**

နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့တော်ရှိ နေအိမ်များတွင် ညတွင်းချင်း တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် မိလ္လာပိုက်လိုင်းများ ပိတ်ဆို့သွားခဲ့ပြီးနောက် ဇွန် ၅ ရက်တွင် အညစ်အကြေးများ ဖုံးလွှမ်းကာ ရေလျှံမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

သာယာလှပသော အိုင်းလန်းဘေးဆင်ခြေဖုံးရပ်ကွက်ရှိ မိလ္လာရေလျှံမှုသည် ပင်မပိုက်လိုင်းပိတ်ဆို့မှုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဝယ်လင်တန်ဝါးတားအဖွဲ့က ပြောကြားသည်။

အဆိုပါ ရေလျှံမှုကြောင့် နေအိမ်ငါးလုံး ထိခိုက်ခဲ့ပြီး မိမိတို့၏ လုပ်ငန်းခွင်အဖွဲ့များအနေဖြင့် အညစ်အကြေးများနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများကို ဖယ်ရှားရန်နှင့် နေအိမ်များကို ပိုးသတ်သန့်စင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **Mon**



## စတော့ရှယ်ယာဈေးကွက် အများစု မြင့်တက် ရေနံနှင့် ဒေါ်လာတန်ဖိုး ပြန်လည်ကျဆင်းလာ

**ဝါရှင်တန် ဇွန် ၅**

အရှေ့အလယ်ပိုင်းပဋိပက္ခ၏ ရှုပ်ထွေးပွေလီသော ဖြစ်ပေါ်တိုးတက်မှုများကို ကုန်သည်များက စောင့်ကြည့်နေကြစဉ် အမေရိကန် ချစ်ပ်ပြားထုတ် လုပ်ရေးကုမ္ပဏီ ဘရော့ဒ်ကွန်၏ စိတ်ပျက်ဖွယ်မျှော်မှန်းချက်ကြောင့် အေအိုင်ရှယ်ယာများအပေါ် ဖိအားဖြစ်စေခဲ့သော်လည်း စတော့ရှယ်ယာဈေးကွက်အများစုမြင့်တက်ခဲ့ပြီး ရေနံဈေးနှုန်းများနှင့် ဒေါ်လာတန်ဖိုးမှာ ဇွန် ၄ ရက်တွင် ပြန်လည်ကျဆင်းသွားခဲ့ကြောင်း သိရသည်။

အမေရိကန်အောက်လွှတ်တော်က အမေရိကန်၏ စစ်ရေးလှုပ်ရှားမှုများကို ရပ်တန့်ရန် ကြိုးပမ်းသည့် ဆုံးဖြတ်ချက်တစ်ခုကို အတည်ပြုခဲ့သော်လည်း ပဋိပက္ခအဆုံးသတ်ရေး ဆွေးနွေးပွဲများတွင် သိသာထင်ရှားသော တိုးတက်မှုမရှိကြောင်း အီရန်နိုင်ငံက ပြောကြားသည်။

တစ်ချိန်တည်းမှာပင် အစ္စရေးနိုင်ငံက လက်ဘနွန်တောင်ပိုင်းကို တိုက်ခိုက်ခဲ့ပြီး ပဋိပက္ခဖြစ်ပွားနေသော နှစ်ဖက်စလုံးက စည်းကမ်းချက်များပါဝင်သည့် အပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်ရန် သဘောတူညီခဲ့သည်ဟု အစောပိုင်းက ကြေညာခဲ့သော်လည်း ဘေရှတ်မြို့ကို တိုက်ခိုက်မှုအသစ်များ ပြုလုပ်မည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း သိရသည်။ **Mon**



# အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီက အခြေခံမော်တော်ဆိုင်ကယ်ထိန်းသိမ်းပြုပြင်မှုနည်းပညာသင်တန်းဖွင့်လှစ်

**မန္တလေး ဇွန် ၅**



မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် အခြေခံမော်တော်ဆိုင်ကယ်ထိန်းသိမ်းပြုပြင်မှု နည်းပညာသင်တန်းဖွင့်ပွဲကို မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ ၁၂လမ်းနှင့်၇၃ လမ်းထောင့်ရှိ မန္တလေးလူငယ်သင်တန်းကျောင်း ဘက်စုံသုံးခန်းမ၌ ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇာနည်မောင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်စောလင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြကြည်ဦး၊ မန္တလေးလူငယ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်း၊ ကျောင်းအုပ်ဦးစီးအရာရှိ ဦးစိုးနောင်နောင်ထွန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးအောင်၊ သင်တန်းနည်းပြဆရာ ဦးဇင်မင်းနှင့် သင်တန်းနည်းပြများ၊ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား ကော်မတီအတွင်းရေးမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက သင်တန်းနှင့်ပက်သက်သည်များကို ရှင်းလင်းပြောကြားကာ သင်တန်းသားများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့သည်။

အဆိုပါ အခြေခံမော်တော်ဆိုင်ကယ်ထိန်းသိမ်းပြုပြင်မှု နည်းပညာသင်တန်းသည် သင်တန်းကာလ ၁၀ရက်ဖြစ်ပြီး သင်တန်းသား ၂၀ ဦး တက်ရောက်ကြောင်း သိရသည်။ **(အပေါ်ဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး နေ့စဉ်

## ဓာတ်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

**စစ်ကိုင်း ဇွန် ၅**

စစ်ကိုင်းခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ စစ်ကိုင်းမြို့ပေါ်ရှိ ဓာတ်သုံးဆီဆိုင်များအား ယမန်နေ့ နံနက်ပိုင်းက မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြသခြင်းများကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် စစ်ကိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးထက်အောင်၊ မြို့နယ်ဦးစီးမှူး ဦးဇော်မြင့်ဟန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုမဖြစ်ပေါ်စေရေး၊ မီးလောင်မှုဖြစ်ပွားပါက မြန်မြန်သိ၍ မြန်မြန်ငြိမ်းသတ်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ထိရောက်လျင်မြန်စွာ မီးငြိမ်းသတ်ရေးစနစ်များ ထပ်မံဖြည့်တင်းတပ်ဆင်နိုင်ရေး၊ ဆက်သွယ်ရေးစနစ်များကောင်းမွန်စေရေး၊ လောင်စာသိုလှောင်ထားရှိမှု၊ ဝင်လမ်း၊ ထွက်လမ်းများကောင်းမွန်စေရေး၊ အရေးပေါ်ရေလုံလောက်စွာရရှိစေရေး၊ မီးသတ်ဆေးဘူး အသုံးပြုတတ်စေရေး၊ 191 Report Application အား တွင်တွင်ကျယ်ကျယ် အသုံးပြုတတ်စေရေး အသိညာပေးအကြံပြုဆွေးနွေးခဲ့ပြီး လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြသခဲ့ကြောင်း သိရသည်။ **နေလင်းအောင်(ပြန်/ဆက်)**

**မြို့တော်တစ်ခို သာစေလို ရေကို မဖြုန်းနှင့်။**



## မိုးရာသီတွင် တည်ထောင်စိုက်ပျိုးခဲ့သည့် (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးဘက်စုံသုံးစိုက်ခင်း စိုက်ပျိုး

**တောင်တွင်းကြီး ဇွန် ၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ၂၀၂၆ ခုနှစ် မိုးရာသီတွင် တည်ထောင်စိုက်ပျိုးခဲ့သည့် (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးဘက်စုံသုံးစိုက်ခင်း စိုက်ပျိုးခြင်းကို ဇွန် ၃ ရက်က ပိတ်စွယ်ခုံကျေးရွာနှင့် ပန်းတော်ကွက်ကျေးရွာတို့တွင် ဆောင်ရွက်ခဲ့သည်။

တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သန်းကို ဦးဆောင်မှုဖြင့် ပိတ်စွယ်ခုံကျေးရွာတွင် နှစ်ဇကေ စိုက်ပျိုးခဲ့ရာ တမာပင်၊ ဖျောက်ဆိပ်ပင်နှင့် ကုက္ကိုပင်များအားစိုက်ပျိုးခြင်း၊ ပန်းတော်ကွက်ကျေးရွာတွင် နှစ်ဇကေစိုက်ပျိုးခဲ့ရာ ယူကလစ်နှင့် ကျွန်းပင်များကို စိုက်ပျိုးပြီး မိုးရွာသွန်းပါက ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**နောင်နောင်(ဗိုလ်သနိုးမြေ)**

## လောကခံက လူ

* လူသို့ရယ် ရှင်သန်ရပေလို့
အကောင်းအဆိုးခ မလွဲသွေ။
ပြုဆောင်ရာမယ် မာနထား
မိုက်မှား အပြစ်ပေ။
ဉာဏ်ပညာနဲ့ အကြောင်းအကျိုးတွေ
ရှန်းကန်စေ အချိန်မလင့်။
ကံကြမ္မာရယ် မခွာလိုက်လို့ရယ်
ထွေးပိုက်နှောင်ဆင့်။

* သံသရာအတွက် မြော်မြင်ချင့်လို့
စိတ်ထားမြင့် ပြုဆောင်တည်။
ပေးကမ်းမျှ သဒ္ဒါပွား
ထားမေတ္တာရည်။
ဒါနရယ်နဲ့ ကုသိုလ်သည်
ကောင်းလမ်းဆီ ပို့အပ်ပေး။
ဖြစ်တည်ရာမယ် ချမ်းသာစစ်နဲ့
လူဖြစ်မယ့်အရေး။

* အေးမြချို့ ကြင်နာထွေးလို့
ကောင်းစိတ်မွေး နေ့စဉ်မပျက်။
အချိန်တိုင်းမယ် အခါမလပ်
ပြုကျင့်အပ်သူ။
ရှင်သန်ရ ဘဝမှ
သတိထူ လျှောက်ကြငှန်း။
လူ့ဘောင်နယ် ပြည့်စုံလျက်နဲ့
ထက်မြက်ဂုဏ်လျှမ်း။ ။

**မင်းမြတ်မိုး(မန်းမြေ)**




## ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ ငှားရမ်းပေး

**မန္တလေး ဇွန် ၅**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းသား၊ ကျောင်းသူများအား ယမန်နေ့ မွန်းလွဲ ၁ နာရီက ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များအား အခမဲ့ ငှားရမ်းပေးခဲ့သည်။

အဆိုပါ စာအုပ်၊ စာစောင်များ ငှားရမ်းပေးရာတွင် ယင်းရွေ့လျားစာကြည့်တိုက်ယာဉ်ရှိ သုတ၊ ရသ စာအုပ်ပေါင်း နှစ်ထောင်ကျော်ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ် အခမဲ့လှည့်လည်ပေးသွားမည်ဖြစ်ပြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ငှားရမ်းပေးခဲ့သည်။ **(ယာပုံ)**

ယင်းစာအုပ်၊ စာစောင်များကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**ဇင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)**



# ပါဠိသဒ္ဒါပညာရှင် ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

**မန္တလေး ဇွန် ၅**

မန္တလေး၊ အောင်မြေသာစံ မြို့နယ်၊ မဟာဗေယျာဘုံရပ်၊ ၆၂လမ်း၊ ၂၄လမ်းနှင့်၂၅လမ်း ကြား စလင်းဝိဘဒ္ဓဝါဒီစာသင် တိုက် ပဓာနနာယက နိုင်ငံတော် သံဃမဟာနာယက တွဲဖက် အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊အဂ္ဂ မဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာ ဘိဝံသ ကြီးမှူးကျင်းပသော ပါဠိ သဒ္ဒါပညာရှင် ရွေးချယ်ရေး စာမေးပွဲကို ၁၃၈၈ ခုနှစ်၊ နယုန် လပြည့်ကျော် ၁၄ရက်တွင် ကျင်းပ သွားမည်ဖြစ်ရာ စာမေးပွဲ ဝင် ရောက်ဖြေဆိုကြမည့် ဆရာ တော်၊ သံဃာတော်များ၊သီလရှင် များ စာရင်းပေးသွင်းရမည်ဖြစ် သည်။

ပါဠိစာပေဟာ ဗုဒ္ဓစာပေကို လေ့လာရာမှာ မဖြစ်မနေ လိုအပ် ပါတယ်။ ထို့အတူ မြန်မာစာပေ သည်လည်း ပါဠိစာပေရဲ့ အရိပ်ကို မှီခိုနေပါတယ်။ မြန်မာနိုင်ငံ သား ဗုဒ္ဓဘာသာဝင်များအဖို့ အရေးကြီးတဲ့ စာပေဖြစ်တာ ကြောင့် ပါဠိသဒ္ဒါဟာ အရေးပါ နေပါတယ်။ သဒ္ဒါမတတ် စာ မတတ်ရယ်လို့ သတ်မှတ်ပြော ဆိုကြပါတယ်။ သဒ္ဒါကျမ်းများ စွာရှိရာ ကစ္စည်းသဒ္ဒါကျမ်းဟာ ပါဠိစာပေကို ချဉ်းကပ်ရာမှာ အပြည်စုံဆုံး ကျမ်းလို့ပြောရင် ရနိုင်ပါတယ်။ဒါကြောင့် ကစ္စည်း သဒ္ဒါကျမ်းကို အခြေခံပြီး ပထမ အဆင့်စာမေးပွဲကို သန္ဓိ၊ နာမ်၊ အာချာတ်သုံးခန်း၊ ဒုတိယအဆင့် စာမေးပွဲကို သန္ဓိ၊ နာမ်၊ အာ ချာတ်၊ ကိတ်၊ ကာရက ငါးခန်း၊ တတိယအဆင့် စာမေးပွဲကို ကစ္စည်း သဒ္ဒါကြီးအကုန်၊ စာမေးပွဲကို ရဟန်း၊ ရှင်၊ လူ မည်သူမဆို ဖြေဆိုနိုင်ပြီး အဆင့်သုံးဆင့်ခွဲ ထားတယ်လို့ ဆရာတော်ကြီး က မိန့်ကြားသည်။

စာမေးပွဲ ဖြေဆိုရာတွင် အောင်စာရင်းကို တစ်လုံးမျှ မှား ယွင်းမှုမရှိလျှင် အထူးအောင်၊ ငါးလုံးအတွင်း မှားယွင်းပါက အဆင့် (၁)အောင်၊ ၁၀ လုံး အတွင်း မှားယွင်းပါက အဆင့် (၂)အောင်နှင့် ၁၀ လုံးအထက် မှားယွင်းပါက ကျရှုံးသတ်မှတ် ထားပြီး စာမေးပွဲတွင် ပထမဆင့် (အကြို)၊ ပထမဆင့်၊ ဒုတိယ ဆင့်၊ တတိယဆင့်များ အဆင့်ခွဲ ခြားထားပြီး စာမေးပွဲကို စွမ်းနိုင် သလောက် အကြိမ်များစွာဖြေဆို ခွင့်ပြုထား၍ ပထမအကြိမ် အောင်မြင်ရာ၌သာ ဘွဲ့လက်မှတ် ဆက်ကပ်မည်ဖြစ်ပြီး စာအောင် ဆုငွေကို အောင်မြင်သည့်အကြိမ် တိုင်း လှူဒါန်းသွားမည်ဖြစ်ကာ တတိယဆင့်အောင်မြင်ပါက ကစ္စာ ယနဝေယျာကရဏကပဏ္ဍိတ ဘွဲ့တံဆိပ် ဆက်ကပ်သွားမည် ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

*-*-*-*-*



# လိုတရပြည်လုံးချမ်းသာ အောင်တော်မူ စေတီတော်ကြီးအတွက် အလှူငွေ လှူဒါန်း

**ပြင်ဦးလွင် ဇွန် ၅**

ပြင်ဦးလွင်မြို့၊ ပွဲကောက် ရွာ၊ သာသနာရာမရွှေမင်းဝံရိပ် သာကြီးအတွင်း၌ ဉာဏ်တော် ၅၄ပေရှိ လိုတရပြည်လုံးချမ်းသာ အောင်တော်မူစေတီတော်ကြီး တည်ထားလျက်ရှိရာ အဆိုပါ စေတီတော်ကြီးအတွက် အလှူရှင် ရပ်ကွက်ကြီး(၁၂)နေ ဦးဝင်း သိန်း+ဒေါ်ခင်မာဝင်း (ဦးဝင်း သိန်း ကြံ့နှစ်ကောင်ဘီလပ်မြေ မိသားစုက (၂၇)နှစ်ပြည့် မင်္ဂလာ အထိမ်းအမှတ်အဖြစ် အလှူငွေ ကျပ် ၁၀သိန်းကို ယမန်နေ့ နံနက် ၁၀ နာရီက ဦးခန္တီဘုရားကြီး ကျောင်းတိုက်ကြီးနှင့် သာသနာ ရာမရွှေမင်းဝံရိပ်သာကြီး၏ ဦးစီး ပဓာနနာယက သာသနဓဇ ဓမ္မာ စရိယ ဝိနယဝိဒူ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တသာသနထံ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၅၃)

မျက်စိလှူကြ
မျက်ကြည်ရ
မြတ်သည့် လှူဒါန်း။



မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ ပရိယတ္တိသာသနာ့ဟိတ အသင်းကြီးသို့ ဇွန် ၁ ရက်က နှစ်ဖက်မိဘများအား အမှူး ထား၍ ၄၁/ ၂၇၊ ရွှေတောင်ကုန်းရိပ်သာ၊ အင်းသားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးရှိန်းသူအောင်+ဒေါက်တာ ပြည်ပြည့်သိန်း၊ (သမီး)မလင်းလပြည့်ရှိန်း၊ မမေပြည့်စုံရှိန်း မိသားစုက အသင်းကြီး၏ စာမေးပွဲသုံးရပ် စာအောင်ဆုပဒေ သာပင်အတွက် ငွေကျပ် သိန်း ၁၃၀ ကို လာရောက်လှူဒါန်းရာ အသင်းကြီး၏ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (ကဆ)

# ရက်(၁၀၀) စီမံချက်ဖြင့် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

**သရက် ဇွန် ၅**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်ဘဏ်ခွဲ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရက် (၁၀၀) စီမံချက်ဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို ယမန်နေ့က မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် သရက်ခရိုင် ဘဏ်ခွဲ အစည်းအဝေးခန်းမ၌ စတင်ထုတ်ချေးပေးခဲ့ရာ ပေါက် တောကျေးရွာအုပ်စုမှ တောင်သူ ၁၅၁ ဦး မိုးစပါးဧက ၂၁၁ ဧက အတွက် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ငွေကျပ် ၆၃၃ သိန်း၊ အခြားသီးနှံဧက ၃၄၉ ဧကအတွက် တစ်ဧကလျှင် ငွေ ကျပ် နှစ်သိန်းငါးသောင်းနှုန်းဖြင့် ငွေကျပ် ၈၇၂ ဒသမ ၅၀ သိန်း စုစုပေါင်းဧက ၅၆၀ အတွက် ချေးငွေကျပ် ၁၅၀၅ ဒသမ ၅၀ သိန်းကို မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ် သရက်ခရိုင် မန်နေဂျာ နှင့် မြန်မာ့အာမခံလုပ်ငန်း ခရိုင်တာဝန်ခံတို့က တောင်သူ တစ်ဦးချင်းစီသို့ ပေးအပ်ခဲ့ကြ သည်။



သရက်မြို့နယ်အနေဖြင့် ရက်(၁၀၀) စီမံချက်ကာလအတွင်း ကျေးရွာအုပ်စု ၂၈ အုပ်စု၊ တောင်သူ ၂၉၆၄ ဦးသို့ ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် ၃၃၅၇၆ သိန်း ထုတ်ချေးရန် လျာထားသတ်မှတ်ထားပြီး မေ ၂၉ ရက်အထိ ကျေးရွာအုပ်စု ၁၀ အုပ်စု၊ တောင်သူ ၆၆၂ ဦးအား ချေးငွေကျပ် ၆၇၀၇ သိန်း ထုတ် ချေးထားပြီးဖြစ်ကြောင်း သိရ သည်။ (ဝဲပုံ)

စော်ထက်(သရက်)

# အပူချိန်မြင့်မားမှုများနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်နေမှုအခြေအနေများကို အများပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ခြင်း

ကမ္ဘာကြီးပူနွေးလာမှု၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီး လာမှုတို့အပါအဝင် များစွာသော အကြောင်းခြင်းရာများကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းများ ဖြစ်ပေါ်လျက်ရှိရာ ယခု ၂၀၂၆ ခုနှစ်အတွင်း၌လည်း ကမ္ဘာတစ်ဝန်း အပူချိန်မြင့်မားမှုကို ကြုံတွေ့ ရလျက်ရှိပါသည်။

ဩစတြေးလျနိုင်ငံ အနောက်ပိုင်း၊ အွန်စလိုမြို့တွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၌ အပူချိန် ၄၉ ဒီဂရီဆဲလ်စီးယပ်စ်အထိရောက်ရှိခဲ့ပြီး ပြင်းထန်သော အပူလှိုင်းသက်ရောက်မှုအဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။ အလားတူ ကမ္ဘာ့အရှေ့အလယ်ပိုင်းနိုင်ငံတစ်ခုဖြစ်သော ဘာရိန်းနိုင်ငံ တွင်လည်း ၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် အပူချိန် ၄၇.၆ ဒီဂရီ ဆဲလ်စီးယပ်စ်ဖြင့် နိုင်ငံ၏ အမြင့်ဆုံးအပူချိန်အဖြစ် မှတ်တမ်းတင်ခဲ့ရ ပါသည်။ ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့မှတ်တမ်းဝင် အမြင့်ဆုံးအပူချိန်မှာ ၄၉.၃ ဒီဂရီဆဲလ်စီးယပ်စ် (၁၂၁ ဒီဂရီဖာရင်ဟိုက်) ဖြစ်ပြီး ပါကစ္စတန် နိုင်ငံ၊ ဂျာကိုဘာဘတ်မြို့၏ ၂၀၂၆ ခုနှစ်၊ မေလ ၂၇ ရက်နေ့ရှိ အပူချိန် ဖြစ်ပါသည်။

အထူးသဖြင့် ဧပြီလလယ်မှ မေလအတွင်း အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် အပူချိန်များ အလွန်မြင့်မားခဲ့ရာ အိန္ဒိယနိုင်ငံရှိ မြို့ပေါင်းများစွာ၏ နေ့စဉ်အမြင့်ဆုံးအပူချိန်မှာ ၄၆ ဒီဂရီဆဲလ်စီးယပ်စ် အထက်တွင် အများဆုံးရှိခဲ့ပြီး အပူရှပ်ခြင်း၊ အပူလွန်ကဲခြင်းတို့ကြောင့် အိန္ဒိယနိုင်ငံတွင် သေဆုံးသူအနည်းဆုံး (၃၇) ဦး ရှိခဲ့ကာ ပါကစ္စတန်နိုင်ငံ တွင်လည်း (၁၀) ဦးရှိခဲ့ကြောင်း သတင်းဖော်ပြချက်များအရ သိရှိရပါ သည်။

ဥရောပအနောက်ပိုင်းဒေသများ၊ ယူကေနှင့် အိုင်ယာလန်နိုင်ငံတို့ တွင်လည်း နွေရာသီ အစောပိုင်းကာလဖြစ်သော မေလ၌ အမြင့်ဆုံး အပူချိန်များဖြစ်ပေါ်ခဲ့ရာ ပြင်သစ်နိုင်ငံတွင် မေလအတွင်း အချို့နေရာ များ၌ အမြင့်ဆုံးအပူချိန် ၃၉ ဒီဂရီဆဲလ်စီးယပ်စ်အထိရောက်ရှိခဲ့ပြီး အပူဒဏ်ကြောင့် သေဆုံးသူ (၇) ဦး အထိ ရှိခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း ယခု ၂၀၂၆ ခုနှစ် နွေရာသီကာလများတွင် အထူးသဖြင့် ဧပြီလအတွင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ မင်းဘူး၊ တောင်တွင်းကြီး၊ ဆင်ဖြူကျွန်း၊ အောင်လံ၊ ပခုက္ကူ၊ ချောက်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးနှင့် မြင်းခြံမြို့များတွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်နှင့်အထက်တွင် ရှိခဲ့ပါသည်။ ၂၀၂၄ ခုနှစ်တွင် အမြင့်ဆုံးအပူချိန် ၄၈.၂ ဒီဂရီဆဲလ်စီးယပ်စ်ဖြင့် စံချိန်သစ်တင်ခဲ့သော ချောက်မြို့တွင် ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း အပူချိန်မှာ ၄၄.၉ ဒီဂရီဆဲလ်စီးယပ်စ်သို့ ရောက်ရှိနေလျက်ရှိပါ သည်။

ထိုသို့ပူပြင်းသော နွေရာသီကာလများအတွင်း အများပြည်သူတို့ အနေဖြင့် အပူချိန်မြင့်မားခြင်းကြောင့် ဖြစ်ပေါ်တတ်သည့် ထိခိုက်ခံစား ရမှုများမှ လျော့နည်းသက်သာစေရေးအတွက် အပူရှောင်စခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက် အရ မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ ရေနံချောင်း၊ နတ်မောက်၊ ချောက်၊ မင်းဘူး၊ စကု၊ အောင်လံ၊ မြို့သစ်မြို့များ၌ ၂၀၂၆ ခုနှစ်၊ မတ်လ မှစတင်၍ အရိပ်ရအေးမြသောနေရာများ၊ လေဝင်လေထွက် ကောင်းမွန် သောနေရာများ၌ အပူရှောင်စခန်းများဖွင့်လှစ်ပြီး လာရောက်ခိုနား သူများကို သောက်ရေသန့်နှင့် အချိုရည်များတိုက်ကျွေးခြင်း၊ မြန်မာ့ ရိုးရာအစားအစာများကျွေးမွေးခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများဖြန့်ဝေခြင်း၊ လိုအပ်သော ကျန်းမာရေးဆိုင်ရာများ စောင့်ရှောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ အပူဒဏ်အန္တရာယ် ကာကွယ်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်များ၊ လိုက်နာဆောင်ရွက် ရန်များ ထုတ်ပြန်ခြင်း၊ ဆေးရုံ/ ဆေးခန်းများ ကျန်းမာရေးဌာနများ၌ လည်း အပူဒဏ်ကြောင့်ခံစားရမှုများကို အမြန်ဆုံးကုသစောင့်ရှောက် ပေးနိုင်ရန် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို အသင့်ပြင်ဆင် ဆောင်ရွက်ထားခြင်း၊ ကုသစောင့်ရှောက်မှုပေးခြင်းတို့ကို သက်ဆိုင်ရာ များအလိုက် ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇွန်လ ပထမပတ်အထိ အပူဒဏ်အန္တရာယ်ကြောင့် သေဆုံးသူ ၃ ဦးရှိခဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့ရသူ (၇၄) ဦးရှိကြောင်း၊ အပူဒဏ် အန္တရာယ်ဆိုင်ရာဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်းနှင့် လာမည့်ရာသီကာလများတွင် ဖြစ်ပွားနိုင်သည့် သဘာဝ ဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍လည်း ကဏ္ဍအလိုက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ဌာန/အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့များ အလိုက် မပြတ်စီမံဆောင်ရွက်လျက်ရှိကြောင်း အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက အများပြည်သူသို့ အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၂၉)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်




နေပြည်တော် ဇွန် ၅

(၂၉) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ် မျက်နှာစုံညီအစည်းအဝေး (Plenary Session) ကို ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ EXPOFORUM Convention and Exhibition Centre ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အစည်းအဝေးသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Mr. Vladimir Putin၊ ဥဇဘက်ကစ္စတန်သမ္မတ H.E. Mr. Shavkat Mirziyoyev၊ တန်ဇန်းနီးယားနိုင်ငံ သမ္မတ H.E. Mrs. Samia Suluhu hassan၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zeng၊ ဖိတ်ကြားထားသည့်နိုင်ငံများမှ

စာမျက်နှာ ၇ သို့ ❒

ဒုတိယသမ္မတ ဦးညိုစောနှင့် ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးတို့၏ ရှေ့မှောက်တွင် တာဝန်ရှိသူများက ထားဝယ်ရေနက်ဆိပ်ကမ်းခေတ်အားပေးစက်ရုံဆိုင်ရာ (MoU) လက်မှတ်ရေးထိုးစဉ်။



## ရှမ်းယူနိုက်တက်အသင်း ပါဝင်ယှဉ်ပြိုင်မည့် အာဆီယံကလပ်ချန်ပီယံရှစ် Shopee Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲ ကျင်းပ

ရန်ကုန် ဇွန် ၅

၂၀၂၆-၂၀၂၇ ဘောလုံးရာသီ အာဆီယံကလပ်ချန်ပီယံရှစ် Shopee Cup ပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို ယနေ့တွင် ပြုလုပ်ခဲ့ပြီး မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယနေ့ပြုလုပ်ခဲ့သည့် အုပ်စုမဲခွဲမှုအပြီးတွင် ရှမ်းယူနိုက်တက်အသင်းသည် လာအိုကလပ် Ezra FC အသင်းနှင့် Play-Off အဆင့် အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်း၏ Play-Off အဆင့် ပထမအကျော့ အဝေးကွင်းပွဲစဉ်ကို ၂၀၂၆ ခုနှစ်

စာမျက်နှာ ၈ သို့ ✡

## သီလဝါရှိ Terminal များသို့ ပြည်ပမှစက်သုံးဆီများ တင်သွင်းရောက်ရှိမှု၊ သိုလှောင်ထားရှိမှု၊ ဖြန့်ဖြူးနေမှုနှင့် စစ်ဆေးရေးဂိတ်များတွင် ဆီတင်ယာဉ်များအား စစ်ဆေးခြင်းဆောင်ရွက်နေမှုအခြေအနေများ စနစ်တကျရှိစေရေး ဆောင်ရွက်လျက်ရှိ




သီလဝါရှိ Terminal များသို့ ပြည်ပမှစက်သုံးဆီများ တင်သွင်းရောက်ရှိမှု၊ သိုလှောင်ထားရှိမှု၊ ဖြန့်ဖြူးနေမှုတို့ကို တာဝန်ရှိသူများ စစ်ဆေးစဉ်။

နေပြည်တော် ဇွန် ၅

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါရှိ Terminal များသို့ စက်သုံးဆီတင်သင်္ဘောများ ရောက်ရှိဆီချယူနေမှုအခြေအနေများ၊ တင်သွင်းခွင့်ပြုသည့် ဆီပမာဏတန်ချိန်နှင့် ဆီတင်သင်္ဘောတွင် တင်ဆောင်ရောက်ရှိလာသည့် ဆီပမာဏတန်ချိန်များကိုက်ညီမှု ရှိ မရှိ၊ တင်သွင်းလာသည့် ဆီအရည်အသွေးကိုက်ညီမှု ရှိ မရှိ စစ်ဆေးနိုင်ရေး ဆီနမူနာ ရယူနေမှုများ၊ Terminal များတွင် စက်သုံးဆီသိုလှောင်ထားရှိမှု အခြေအနေများနှင့် စက်သုံးဆီတင်ယာဉ်များဖြင့်

စာမျက်နှာ ၉ သို့ ❖



## ပူတာအိုမြို့သို့ ဌာနဆိုင်ရာလုပ်ငန်းသုံးပစ္စည်းများ မြစ်ကြီးနားမြို့မှတစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်

နေပြည်တော် ဇွန် ၅

တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်အရ ဝေးလံခေါင်ဖျားပြီး သွားလာရေးခက်ခဲသောဒေသများသို့ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဌာနဆိုင်ရာအတွက် လိုအပ်သောရုံးသုံးပစ္စည်းများ၊ ပြည်သူလူထု၏ စားသောက်ရေးအဆင်ပြေစေရန်အတွက် လိုအပ်သောစားသောက်ကုန်များ၊ လူသုံးကုန်များ၊ ပညာရေးကဏ္ဍမြှင့်တင်ရန်အတွက် လိုအပ်သော ကျောင်းသုံးပစ္စည်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်

စာမျက်နှာ ၈ သို့ ○

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွက် နိုင်ငံတော်က ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ပစ္စည်းများ တပ်မတော်လေယာဉ်ပေါ်သို့ သယ်ယူပို့ဆောင်ပေးနေစဉ်။